# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 28 June 2023 ၁၁၁၄၀


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO) ၏ ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး**
စာမျက်နှာ » ၃

**မြန်မာ့မြေ၊ မြန်မာ့အမွေ**
ဆောင်းပါး
စာမျက်နှာ » ၆

**ရေရှည်တိုးတက် အရှိန်အဟုန်မပျက် သမဝါယမရဲ့ ဆောင်ရွက်ချက်**





ဆောင်းပါး
စာမျက်နှာ » ၁၀


# ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့ထုတ် စပါးစိုက်ဧက ၁၂၀ စိုက်ပျိုးမည်

ပွင့်ဖြူ ဇွန် ၂၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)က ဒေသခံတောင်သူများကို စပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရန်အတွက် စပါးမျိုးကွဲလေးမျိုးဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ရောမင်း၊ ရတနာတို့ စပါးမျိုးများကို မျိုးစေ့ထုတ် စိုက်ဧက ၁၂၀ အကောင်အထည်ဖော်စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ) တာဝန်ခံ ဦးအောင်ချစ်ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဒေသခံတောင်သူများကို ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ နှစ်စဉ်မျိုးကောင်းမျိုးသန့်စပါးနှင့် ကုလားပဲမျိုးသန့် မျိုးစေ့များကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။


စာမျက်နှာ ၈ ကော်လံ ၁ သို့ ★




ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)ရှိ လယ်မြေများကို ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်နေသည်ကို တွေ့ရစဉ်။




# သဘာဝဘေးဒဏ်သင့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

နေပြည်တော် ဇွန် ၂၇

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ကြက်သွန်နီ၊ ငါးခြောက်ကြော်၊ ငါးသေတ္တာ စသည့် စားသောက်ဖွယ်ရာပစ္စည်းများ စုစုပေါင်းတန်ချိန် ၃ ဒသမ ၃၈၂ တန်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ


စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ကြေးမုံ

# မူးယစ်ကင်းစင် ကျန်းမာပျော်ရွှင် ဘဝပတ်ဝန်းကျင်တည်ဆောက်

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားအစီအစဉ်များကို (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (ဇွန်လ ၂၆ ရက်နေ့) တွင် တောင်ကြီးမြို့၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားများတွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စွမ်းဆောင်မှုများကို မြင်တွေ့ခဲ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က အမျိုးသားရေးအသွင်ဖြင့် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်နိုင်မှုများကြောင့် ထိုနေ့က မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်းအခမ်းအနားများတွင် ဘိန်း ၁၁၃၀ ကီလိုကျော်၊ ဘိန်းဖြူ ၁၂၆၅ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄ သန်းကျော်၊ အိုက်စ် ၂၁၀၆၉ ကီလိုကျော်၊ ဘိန်းစာမှုန့် ၇၂၈ ကီလိုကျော်၊ ဆေးခြောက် ၈၄၁ ကီလိုကျော်၊ ကက်တမင်း ၄၉၉၁ ကီလိုကျော်၊ ဘိန်းညိုမှုန့် ၃၀၇ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၁၀၈ မျိုး စုစုပေါင်းတန်ဖိုး မြန်မာကျပ်ငွေ ၉၃၆ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၄၄၆ သန်းကျော်) တို့ကို ဖျက်ဆီးနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ဖြေရှင်းနေရသည့်ပြဿနာတစ်ခု မဟုတ်တော့ဘဲ နိုင်ငံတိုင်းသာမက တစ်ကမ္ဘာလုံးပါ သက်ဆိုင်နေသည့် လူသားမျိုးနွယ်တစ်ရပ်လုံး အကျုံးဝင် ရင်ဆိုင်ဖြေရှင်းနေရသော ပြဿနာဖြစ်သည်။ မျက်မှောက်ကာလတွင် နည်းပညာမြင့်မားတိုးတက်လာမှုနှင့်အတူ မူးယစ်ဆေးဝါးထုတ်လုပ်မှုပုံစံ အသွင်အမျိုးမျိုးပြောင်းလဲပြုလုပ်လာကြပြီး တားဆီးကာကွယ်နှိမ်နင်းရေးအား ရှောင်ကွင်းနိုင်အောင် ကြိုးစားနေကြသည်ကို တွေ့ရမည်။ ထို့ကြောင့် လူ့အသိုက်အဝန်းအတွင်း မူးယစ်ဆေးဝါးအမျိုးမျိုးတို့၏ ထိုးဖောက်မှုအန္တရာယ်များကြီးမားလာသဖြင့် ကာကွယ်တားဆီးနှိမ်နင်းရေးအပိုင်းတွင်သာမက မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်ရေးအပိုင်းတို့ကိုပါ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အတွက် ဦးတည်ချက်များ ချမှတ်ထားသည်။ ကုလသမဂ္ဂ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (UNODC)၏ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "ခွဲခြားနှိမ့်ချ ကင်းစင်ဝေး၊ ကာကွယ်ရေးကို အလေးပေး၊ လူသားအားလုံး ကျန်းမာရေး" ဆိုသည့်အတိုင်း လူသားအချင်းချင်း ခွဲခြားနှိမ့်ချမှု မရှိစေရေးနှင့် လူသားအားလုံးကျန်းမာရေးတို့ကို မြန်မာနိုင်ငံအနေဖြင့် အလေးထား ဆောင်ရွက်သွားမည်ဖြစ်သည်။ အလားတူ မူးယစ်ဆေးဝါးသုံးစွဲသူများ ဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေး စသည်တို့ကိုဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်သည်။

လူသားအားလုံး၏ဘဝ အထူးသဖြင့် လူငယ်များ၏ဘဝပတ်ဝန်းကျင်တစ်ခုလုံး မူးယစ်ဆေးဝါးဟူသည့် အန္တရာယ်ဆိုးကြီး ဝင်ရောက်မလာစေရန် ပြည်သူလူထု တစ်ရပ်လုံး အမျိုးသားရေးအသွင်ဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ကာ ကာကွယ်တွန်းလှန်ဖြိုဖျက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးကင်းစင်သည့်နိုင်ငံ (DRUG FREE NATION) ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နေပြည်တော်ကို မူးယစ်ဆေးဝါး ကင်းမဲ့သည့်ဒေသ (DRUG FREE REGION) ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးအမျိုးမျိုးတို့ကို အရှိန်အဟုန်ဖြင့် တိုက်ဖျက်နှိမ်နင်းလျက်ရှိရာ နှစ်စဉ် မူးယစ်ဆေးဝါးအမှုပေါင်းမြောက်မြားစွာနှင့် ဖမ်းဆီးရမိသည့်တရားခံများ၊ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို ရှာဖွေဖော်ထုတ်အရေးယူနိုင်ခဲ့သည်။

သို့ဖြစ်ရာ မူးယစ်ဆေးဝါးအန္တရာယ်သည် လူ့အသိုက်အဝန်းတစ်ခု၊ နိုင်ငံတစ်ခုအတွက် အန္တရာယ်တစ်ခုဖြစ်သည်သာမက တစ်ကမ္ဘာလုံးအတွက်ပါ ကြီးမားသည့် စိန်ခေါ်မှုကြီးဖြစ်နေသဖြင့် သုံးစွဲမှုကင်းစင်၊ ရောင်းဝယ်ဖောက်ကားမှု ပပျောက်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လူသားများအားလုံး၏ ဘဝပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးကင်းစင်ပပျောက်ပြီး ကျန်းမာပျော်ရွှင်သည့် လူ့အဖွဲ့အစည်းဖြစ်လာစေရန် ပြည်သူလူထုတစ်ရပ်လုံးက လက်တွဲညီညီ အားသွန်ခွန်စိုက်ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လေးစားစွာဖြင့် တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

## ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်ပြိုင်ပွဲ ဆုချီးမြှင့်



ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တောင်ပိုင်းဇုန် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်အလွတ်ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲက ကျောက်တန်းမြို့နယ် ရွှေမှော်ဝန်းသာသနာ့ဗိမာန်၌ ကျင်းပသည်။

ပထမဆုရ ကျောက်တန်းမြို့နယ် ဒုတိယဆုရ ကွမ်းခြံကုန်းမြို့နယ်၊ တတိယဆုရ တွံတေးမြို့နယ်၊ နှစ်သိမ့်ဆုရ သုံးခွမြို့နယ်တို့အား ခရိုင်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး၏ဇနီး ဒေါ်မေလွဲ့ဝါသွေးက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။ တင်ဝင်းတင်

## ရေကြည်မြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

ရေကြည် ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးမပြုန်းတီးစေရေးနှင့် စဉ်ဆက်မပြတ် ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်



ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၃ နာရီက ငါးသိုင်းချောင်းမြို့ ဝေန်ရပ်ကွက် လောကမာန်အောင်ဘုရားကြီး တန်ဆောင်းအတွင်း၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲပြုလုပ်ရာတွင် ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်၊ ငါးသိုင်းချောင်းမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်တို့က ငါးသယံဇာတနှင့်ပတ်သက်သော အကြောင်းအရာများ၊ ဥပဒေပြဋ္ဌာန်းချက်များ၊ တားမြစ်ချက်များအား အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက သိလိုသည့် မေးမြန်းချက်များအား ပြန်လည်ဖြေကြားပေးခဲ့သည်။ အဆိုပါ ဟောပြောပွဲသို့ ငါးသိုင်းချောင်းမြို့ ဝေန်ရပ်ကွက် သရက်ချောင်းကျေးရွာအုပ်စုမှ ရေလုပ်သား ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အောင်လံမြို့၌ ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းချရေးနေ့ သတ်မှတ်

အောင်လံ ဇွန် ၂၇

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်သူများအနေဖြင့် ကြွပ်ကြွပ်အိတ် တစ်ခါသုံး ပလတ်စတစ်အိတ်များ သုံးစွဲမှုလျှော့နည်းစေရန်အတွက် အပတ်စဉ် တနင်္လာနေ့တွင် ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်များဖြင့် ဈေးမရောင်းချရေးနေ့အဖြစ် ဇွန် ၂၆ ရက် နံနက်ပိုင်းမှစတင်၍ သတ်မှတ်ထားပြီး စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း လိုက်လံစစ်ဆေးခဲ့သည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း ဈေးရောင်းချသူများအနေဖြင့် အပတ်စဉ် တနင်္လာနေ့တွင် ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အစား အင်ဖက်၊ ဗာဒံရွက်၊ ငှက်ပျောရွက်၊ သတင်းစာစက္ကူအိတ် စသည့် အခြားထုပ်ပိုးပစ္စည်းများ အသုံးပြု၍ အစားထိုးထုပ်ပိုး သုံးစွဲဈေးရောင်းချရေး အသိပညာပေးခြင်းလုပ်ငန်းများ၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၁၀ | ၈၀,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၀၈၈ | ၃,၁၅၅,၂၀၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၁၈၉ | ၁,၃၆၀,၈၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၁,၀၈၇ | ၁,၆၃၀,၅၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၁ | ၂,၅၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၂၂၉ | ၁,၀၉၉,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA ၊ KNU／KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA ၊ KNU/KNLA–PC၊ LDU၊ PNLO) ၏ ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇွန် ၂၇**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ် ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA–PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ALP၊ DKBA ၊ KNU/KNLA–PC၊ LDU၊ PNLO အဖွဲ့တို့မှ ကိုယ်စားလှယ်အဖွဲ့များကို တွေ့ရစဉ်။

ဆွေးနွေးပွဲတွင် NCA–S EAO အဖွဲ့များကြား ဆွေးနွေးသဘောတူထားသော ဘုံသဘောတူညီချက်များကိစ္စ၊ ဖက်ဒရယ်အခြေခံမူများကိစ္စ၊ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကိစ္စ၊ UWSP ၊ NDAA ၊ SSPP အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအပေါ် NCA–S EAO များ၏ သဘောထားများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများကို အပြန်အလှန် ပွင့်ပွင့်လင်းလင်း ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

ယင်းနောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်ရယူနိုင်ရန် မူကြမ်းများကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ရပ်နားခဲ့သည်။

တတိယနေ့ ဆွေးနွေးပွဲကို ဇွန် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဖက်တူညီသည့် သဘောထားများကို သဘောတူညီချက်များ အဖြစ် လက်မှတ် ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇွန် ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃–၂၀၂၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ကျောင်းသားမိဘများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်နှင့် နယ်စခန်းအသီးသီးမှ ဝန်ထမ်းများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးကို အမျိုးသားရေးမျှော်မှန်းချက် ချမှတ်ပြီး ခေတ်နှင့်လျော်ညီသည့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို စီမံကိန်းချမှတ်၍ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း နိုင်ငံတော်အစိုးရမူဝါဒနှင့်အညီ မိမိဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများ ပညာသင်ကြားရာတွင် အဆင်ပြေစေရန်နှင့် အထောက်အပံ့ ဖြစ်စေရန်အတွက် ပညာသင်ထောက်ပံ့ကြေးကို နှစ်စဉ် တိုးမြှင့်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ကျောင်းသားမိဘများအနေဖြင့်လည်း မိမိတို့၏ သားသမီးများကို ပညာတတ်လူချွန်လူကောင်းများဖြစ်စေရေးအတွက် အလေးထားပြုစုပျိုးထောင်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက မူပိုင်ခွင့်ဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကိုလည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်သည်။

ယခုနှစ် ပညာသင်နှစ်တွင် ဝန်ကြီးဌာနရှိ ဝန်ထမ်းသားသမီးများအနက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၁၈၁ ဦးအတွက် ကျောင်းသုံးဗလာစာအုပ် ၂၈၈ ဒါဇင်အပါအဝင် ပညာသင်ထောက်ပံ့ကြေး စုစုပေါင်း ငွေကျပ် ၃၅၁၆၅၆၈၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၇

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM) ၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Sarah Lou Ysmael Arriola အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် IOM ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးတို့သည် မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းသွားလာခြင်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် IOM နှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ IOM မှ IOM ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Dragan Aleksoski နှင့် အာရှ– ပစိဖိတ် ဒေသဆိုင်ရာ ရွှေ့ပြောင်းသွားလာမှု မူဝါဒထောက်ပံ့ရေး အရာရှိ Mr. Chaoqian Xiong တို့ တက်ရောက်ကြသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM ) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Sarah Lou Ysmael Arriola အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။




## ဆွေးနွေး

တွေ့ဆုံစဉ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ ရေးထိုး၍ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မိုခါဆိုင်ကလုန်းမုန်တိုင်းအတွက် အစိုးရ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုများနှင့် မုန်တိုင်းသင့်ပြည်သူများအား လူသားချင်းစာနာမှု အကူအညီပေးအပ်ရေး ဆောင်ရွက်နေမှု၊ လူကုန်ကူးခံရသူများနှင့် တရားမဝင်ရွှေ့ပြောင်းလုပ်သားများ ပြန်လည်လက်ခံရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

## တက်ရောက်

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ IOM မှ IOM ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Dragan Aleksoski နှင့် အာရှ– ပစိဖိတ်ဒေသဆိုင်ရာ ရွှေ့ပြောင်းသွားလာမှု မူဝါဒထောက်ပံ့ရေးအရာရှိ Mr. Chaoqian Xiong တို့ တက်ရောက်ကြသည်။

သတင်းစဉ်

# ကျိုင်းတုံမြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ကျိုင်းတုံ ဇွန် ၂၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၈ နာရီခွဲက အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေက အမှာစကားပြောကြားပြီး မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ) ရဲမှူးကြီး အေးသိန်းက ဖတ်ကြားကာ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ပေးပို့သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုမှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းမြတ်ရွှေ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများက(၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့်စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာ ပြည်နယ်၊ ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာကြသူများအား အမှတ်(၇) မူးယစ်တပ်ဖွဲ့ခွဲ (ကျိုင်းတုံ)၊ ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့က မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသခြင်းနှင့် (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ သင်ခန်းစာသွားရောက်ပို့ချ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်လျက်ရှိသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်း အမှတ်စဉ်(၁၃)နှင့် အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၄)တို့တွင် ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာများ သွားရောက်ပို့ချသည်။

အဆိုပါသင်တန်းတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်က လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များ အကြောင်း စသည့်ဘာသာရပ်များကို ပို့ချသည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၃)၌ သင်တန်းသားဦးရေ ၂၁ ဦးနှင့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၁၄)၌ သင်တန်းသားဦးရေ၄၂ဦး စုစုပေါင်း သင်တန်းသား ၆၃ ဦး တက်ရောက်ကြပြီး တက်ရောက်လာသော သင်တန်းသားများက သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ပြန်လည်ဖြေကြားသည်။ **သတင်းစဉ်**

# စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်အသုံးပြုမည့် ထောက်ပံ့ရေးပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ မုန်တိုင်းဒဏ်သင့်ဒေသများသို့ စနစ်တကျဖြန့်ခွဲပေးပို့နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

**စစ်တွေ ဇွန် ၂၇**

ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အနီးကပ် ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေ မြို့ ဘက်စုံသုံးဆိပ်ကမ်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီး ဆိပ်ကမ်းတို့၌ ဆိုက်ကပ်ထားသော မာကျူရီဖို့စ်သင်္ဘော၊ MV ROYAL VENUS သင်္ဘောနှင့် ပြည်တော်အေး-၂ သင်္ဘောများပေါ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ထောက်ပံ့ရေးပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများအသုံးပြု၍ မုန်တိုင်းဒဏ်သင့်ဒေသများသို့ စနစ်တကျဖြန့်ခွဲပေးပို့နိုင်ရေး စီမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။



ပြည်ထောင်စုဝန်ကြီးဦးလှမိုးနှင့်အဖွဲ့ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်အသုံးပြုမည့် ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး အဘိုး၊ အဘွား ၃၇ ဦး အတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများထောက်ပံ့ လှူဒါန်းကာ ရိပ်သာအတွင်း လှည့်လည်ကြည့်ရှုသည်။



ပြည်ထောင်စုဝန်ကြီးဦးလှမိုး ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအတွက် စားသောက် ဖွယ်ရာများနှင့် အလှူငွေများထောက်ပံ့လှူဒါန်းစဉ်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရုံးများ၊ သိုလှောင်ရုံများ၊ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အောင်မင်္ဂလာရပ်ကွက်နှင့် ရွာသစ်ကေကျေးရွာတို့ကို ဆက်သွယ်ပေးထားသော အရှည် ၈၅ ပေ၊ အကျယ် ၁၂ ပေရှိ ဘေလီသစ်သားကြမ်းခင်းတံတား ပြန်လည် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တံတားရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျ တည်ဆောက်သွားရန် မှာကြားသည်။



ပြည်ထောင်စုဝန်ကြီးဦးလှမိုးနှင့်အဖွဲ့ အောင်မင်္ဂလာရပ်ကွက်နှင့် ရွာသစ်ကေကျေးရွာ တို့ကို ဆက်သွယ်ပေးထားသည့် ဘေလီသစ်သားကြမ်းခင်းတံတား ပြန်လည်တည်ဆောက် နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရ ဧည့်ဂေဟာ၌ လယ်ယာအထောက်အကူပြု ယွန်းလျှံကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်မျိုးဦးနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒေသတွင်းတောင်သူများအတွက် ထွက်နှုန်းမြင့် GW-11 မျိုးစပါး စိုက်ပျိုးနိုင်ရေး၊ ဒေသတွင်း မွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်အစားအစာ EVER GREEN မြက် စိုက်ပျိုးနိုင်ရေး၊ အချိန်တိုအတွင်း ရှင်သန်ဖြစ်ထွန်းနိုင်သည့် သစ်ပင်များ စိုက်ပျိုးရေးနှင့် စိုက်ပျိုးမွေးမြူရေးနှင့်စပ်လျဉ်းသည့် အသိပညာပေးနိုင်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းသား သင်တန်းသူများ စာတွေ့/လက်တွေ့ သင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး သင်တန်းသား သင်တန်းသူများအတွက် စားစရိတ် ထောက်ပံ့ငွေများ ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီးဦးလှမိုးနှင့်အဖွဲ့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ သင်တန်းသား သင်တန်းသူများ စာတွေ့/လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေကမ်းနားပတ်လမ်း (ရှုခင်းသာလမ်း)၊ စာတိုက်လမ်းဆုံမှ စစ်တွေဟိုတယ်အထိ အရှည်ပေ ၁၂၉၀၀ လမ်းပိုင်း ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းကော်မတီအလိုက် တင်ပြသည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**တက်ရောက်**

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ ဟင်းသီးဟင်းရွက် မျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တက်ရောက်သည်။



ဒုတိယဝန်ကြီးဦးအောင်ကြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးထံ မျိုးစေ့များ ပေးအပ်စဉ်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင် စိုက်ပျိုးရေးဦးစီးမှူးများထံ ရုံးပတီ၊ တိုင်ထောင်ပဲ၊ တိုင်လွတ်ပဲ၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ ခရမ်းသီး၊ ခရမ်းကြွပ်သီး၊ သခွား၊ ငရုတ်၊ ချဉ်ပေါင်၊ ကြက်ဟင်းခါး၊ ပဲလင်းမြွေနှင့် ပဲစောင်းလျားစသည့် မျိုးစေ့ထုပ် ၅၈၅၀၀ ကို ဖြန့်ခွဲပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့မြေ၊ မြန်မာ့အမွေ

မြန်မာလူမျိုးတို့သည် ရှေးပဝေသဏီကပင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်တို့ မှီတင်းနေထိုင်ကြလျက် နယ်နိမိတ်ရှိသော ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်မှု၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဘာသာစကားတို့ဖြင့် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်လာခဲ့ကြပါသည်။ ကုန်းဘောင်ခေတ် (၁၇၅၂-၁၈၈၅) ဘကြီးတော်မင်းတရားကြီး (၁၈၁၉-၁၈၃၇) လက်ထက် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားပြီး အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ၏ ရခိုင်ဒေသနှင့် တနင်္သာရီဒေသကို သိမ်းပိုက်ခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားခြင်းနှင့် မြန်မာ့မြေကို ကျူးကျော်ခြင်းဖြစ်ပေသည်။

အင်္ဂလိပ်တို့သည် ပထမစစ်ပွဲနှင့်ပင် ရပ်မနေဘဲ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဆက်လက်ဖြစ်ပွားပြီး အောက်မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ပြန်သည်။ ထို့နောက် သီပေါမင်းလက်ထက် (၁၈၇၈-၁၈၈၅) ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ဆက်လက်ဖြစ်ပွားခဲ့ပြီး မြန်မာ့သမိုင်းတွင် ထီးသုဉ်း နန်းသုဉ်း ကြငှန်းသုဉ်းလျက် နိုင်ငံတော်နှင့်လူမျိုးပါ အင်္ဂလိပ်လက်အောက်သို့ လုံးဝကျရောက်ခဲ့ရသည်။ ရှေးမြန်မာ့အစဉ်အလာ အုပ်ချုပ်ရေးစနစ်၊ လူမှုရေးစနစ်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးအခြေအနေတို့ပါ အသွင်ပုံစံများ ပြောင်းလဲခဲ့ရသည်။ ၂၉-၁၁-၁၈၈၅ ရက်နေ့တွင် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ လုံးဝလက်လွှတ်ဆုံးရှုံးသွားခဲ့ရသည်။

အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးသွားရပြီး သူ့ကျွန်ဘဝကို မနေလိုသည့် တိုင်းရင်းသားများ၏ ရင်တွင်းခံစားချက်ကို ဆီးဘန်နီဆရာတော်က-

**"ကုန်းဘောင်နေမီး၊ မထိန်ညီး၍၊ တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသုဉ်း နန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရချေ၊ တို့တတွေသည်၊ သေသော်မှတည့်၊ သြော်ကောင်း၏။"**ဟူ၍ ကေပိုဒ်ရတုတွင် စပ်ဆိုခဲ့လေသည်။

ဤကေပိုဒ်ရတုကို ဖတ်ကြည့်ခံစားကြည့်ပါက အချုပ်အခြာအာဏာ ဆုံးရှုံးရခြင်းသည် မည်မျှကြေကွဲဝမ်းနည်းဖွယ်ကောင်းကာ အလွန်တရာခံပြင်းပြီး ယူကျုံးမရဖြစ်ခဲ့သည်ကို မြန်မာသမိုင်းတွင် အတိအလင်း မြင်နိုင်ပေသည်။

မြန်မာ့မြေကို ကျူးကျော်သိမ်းပိုက်ပြီး မြန်မာ့အစဉ်အလာဓလေ့မှ သွေဖည်ကာ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ လူမှုရေးစနစ်များ အစစအရာရာ ပြောင်းလဲသွားရုံမက မြန်မာလူမျိုးတို့၏ ရတနာအမွေအနှစ်ပစ္စည်းများသည်လည်း တစ်ပါတည်း သိမ်းယူသွားခဲ့ကြပြီး အချို့ကို ပြန်လည်ရရှိသော်လည်း ပြန်လည်ရရှိသေးခြင်းမရှိသေးသည့် ရတနာပစ္စည်းများလည်း ကျန်ရှိနေပါသည်။

ပါရှိသွားသော မြန်မာ့နန်းတော်မှ ရတနာပစ္စည်းများကို ကြည့်ပါက အောက်ပါအတိုင်း ပစ္စည်းလေးမျိုး ခွဲခြားတွေ့ရှိနိုင်ပါသည်-

(က) သီပေါမင်း ပါတော်မူပြီးနောက် အင်္ဂလိပ်တို့ ဖွဲ့စည်းခဲ့သော စစ်သိမ်းပစ္စည်းထုခွဲရေးကော်မတီ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ရတနာများ၊ တန်ဖိုးမကြီးမားသော ပစ္စည်း၊

(ခ) မင်းမြောက်တန်ဆာများ၊

(ဂ) ဘုရင်နှင့်မိဖုရားကြီး ပိုင်ဆိုင်သောငွေနှင့် ရတနာများ၊

(ဃ) ဆင်ဖြူမရှင် မိဖုရားကြီး ပိုင်ဆိုင်သောငွေနှင့်ရတနာများ

ယင်းပစ္စည်း လေးမျိုးအနက် အောက်ဆုံးသုံးမျိုးသည် ကာနယ်စလေဒင်အား ထိန်းသိမ်းစောင့်ရှောက်ရန် ပိုင်ရှင်များက ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဤသို့ဖြင့် ၁၈၈၅ ခုနှစ်မှစ၍ အင်္ဂလိပ်လက်အောက်သို့ မြန်မာ့မြေနှင့် မြန်မာ့အမွေပစ္စည်းများဖြစ်သော နန်းတွင်းပစ္စည်းများ ရောက်ရှိသွားရလေတော့သည်။

၁၈၈၅ ခုနှစ်တွင် လက်လွှတ်လိုက်ရသည့် လွတ်လပ်ရေးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုပြသနိုင်ခဲ့၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့၌ လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ကြီးနှင့် မြန်မာ့မြေကို ပြန်လည်ရယူနိုင်ခဲ့ပေသည်။ ဤသည်မှာ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကြောင့်ဟုဆိုပါက မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပေ။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြောင့် ပြည်ထောင်စုကြီး တည်တံ့ခဲ့ရသည်မှာလည်း သမိုင်းသက်သေပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်အခါ အိန္ဒိယနိုင်ငံဘုရင်ခံချုပ် လော့ဒ်မောင့်ဘက်တန်က သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်ခဲ့ရာ ယနေ့အမျိုးသားပြတိုက်တွင် တွေ့ရှိလေ့လာနိုင်ပေသည်။ ဤပလ္လင်တော်၏ အကြောင်းကို ၁၉၆၃ ခုနှစ် ရှေးဟောင်းသုတေသနဌာနမှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော "မန္တလေးနန်းတော်" စာအုပ်တွင် "လှပသော လက်ရန်းလေးခုပါလျက် ခြသေ့ံပလ္လင် (သီဟာသန)သည် လွှတ်တော်ထဲတွင် သီးသန့်တည်ရှိသည်။ ထိုပလ္လင်သည် ညီလာခံရာခန်းမကြီးရှိ သီဟာသနပလ္လင်၏ ပုံတူပွားဖြစ်သည်။ လွှတ်တော်မှ ပလ္လင်ကို ကာလကတ္တားရှိ အိန္ဒိယပြတိုက်သို့ ပို့ခဲ့သည်"ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုဖော်ပြချက်နှင့် မောင့်ဘက်တန်သည် အိန္ဒိယရှိ သီဟာသနပလ္လင်ကို ပြန်ပို့ပေးသည်ဟူသော အချက်နှင့် ဆက်စပ်လိုက်လျှင် အမျိုးသားပြတိုက်ရှိ ပြသထားသော ပလ္လင်သည် မြန်မာမင်းလက်ထက် လွှတ်တော်၌ ထားရှိသော သီဟာသနပလ္လင်ဖြစ်ကြောင်း ထင်ရှားသည်။

ထို့နောက် ၁၉၆၄ ခုနှစ်တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း၏ မေတ္တာရပ်ခံချက်အရ အင်္ဂလန်နိုင်ငံ ဒုတိယမြောက် အဲလီဇဘက်ဘုရင်မကြီးက အောက်ပါမြန်မာနိုင်ငံ ကုန်းဘောင်မင်းဆက်များ၏ မင်းခမ်းတော်ပစ္စည်းများ အပါအဝင် ပစ္စည်းအရေအတွက်(၁၄၁)ခုကို မြန်မာနိုင်ငံအစိုးရထံသို့ ပြန်လည်ပေးအပ်ခဲ့သည်။ မင်းခမ်းတော်ပစ္စည်းဆိုသည်မှာ ထီးနန်းစဉ်ဆက်လက်ခံလိုက်နာသုံးစွဲရိုးရှိသော အဆောင်အယောင်ဖြစ်သည်။ တစ်နည်းဆိုရသော် မင်းခမ်းမင်းနားဆိုင်ရာ လက်ဝဲလက်ယာ အခင်းအကျင်း၌ သုံးစွဲသည့်ပစ္စည်းများပင်ဖြစ်သည်။ မင်းခမ်းတော်ပစ္စည်းများသည် တစ်နည်းအားဖြင့် ဘုရင်မင်းမြတ်များအား ဘုန်းကျက်သရေ တိုးတက်စေရန် ချီးမြှောက်ဂုဏ်ပြုသော အသုံးအဆောင်ပစ္စည်းများ ဖြစ်သည်။ မင်းအဆက်ဆက်တို့သည် မင်းခမ်းတော်ပစ္စည်းများကို အဖိုးတန်ကျောက်မျက်ရတနာများစီခြယ်ပြီး ရွှေစင်အတိဖြင့် ပြုလုပ်ခဲ့ကြသည်။ ထိုသို့ ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားသည့် မင်းခမ်းတော်ပစ္စည်းများကြောင့် ရွှေနန်းတော်ညီလာခံဆောင်သည် ရွှေသားရောင် ရတနာခုနစ်ပါးအရောင်တို့ဖြင့် တဝင်းဝင်းတောက်ပြောင်လျက်ရှိသည်။

**အင်္ဂလန်နိုင်ငံမှ ပြန်လည်လွှဲပြောင်းရောက်ရှိလာသည့် မြန်မာ့နန်းတွင်းပစ္စည်းများစာရင်း**

**၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ**

| စဉ် | ပစ္စည်းအမည် | ပစ္စည်းတည်နေရာ | ပစ္စည်းအခြေအနေ | အရေအတွက် | ရရှိသည့်နေ့စွဲ |
|---|---|---|---|---|---|
| ၁။ | သန်လျက် | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၁.၁၁.၁၉၆၄ |
| ၂။ | မဏိတော်ထက် ပတ္တမြားသင်းကျစ် စိန်စီထားသော ကြာပလ္လင်ခံရွှေပြားကပ်ဆင်းတု | $V_{3}$ (a) အပေါ်ဆုံးထပ်အကန့် | ကျောက်ပြုတ်နေ | ၁ | ၁၂/၁၉၆၄ |
| ၃။ | ပတ္တမြားစီ ရွှေအခွေကွပ် ဓားအိမ်ဆောင် သံမဏိပန်းဖော် အရိုးတပ် သမိန်ထောဓား | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၄။ | ပတ္တမြားစီ ရွှေအခွေကွပ်၊ ရွှေပြားကပ် ဓားအိမ်ဆောင် ကျောက်စီရွှေငှက် ခေါင်းတပ် ရွှေပြားကပ် ရတနာစီအရိုးတပ် ကျောက်စီဓား | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၅။ | ရတနာ ကျောက်စီခြယ်၊ ရွှေဇာပေါက် ခြေနင်းအစုံ | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၂ (အစုံ-၁) | ၁၂/၁၉၆၄ |
| ၆။ | အနားသုံးရစ် ပတ္တမြားစီ သလင်းထောင် ပတ်လည် အလယ်နဝရတ်ကိုးပါးစီ ရွှေမနောလင်ပန်း | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၇။ | လက်ကျာရစ် ရွှေပြားကပ်၊ ထိပ်နဝရတ် ကိုးပါးစီ ခရုသင်း | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၈။ | ပတ္တမြား ရတနာ ကိုးပါးစီ ရွှေရိုးတပ် သားမြီးယပ် | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၉။ | ရွှေပြားသင်းကျစ်၊ ရွှေနန်းဆွဲပန်းလိမ်နကင်းတပ်၊ ရွှေပန်းဖောက် မွမ်းမံထားသော မကိုဋ် | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၁၀။ | မကာရ်းရုပ်သဏ္ဌာန် သွန်းလုပ်ထားသော ရွှေကရား | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၁၁။ | ပွတ်လုံးမဏ္ဍိုင်၊ နရားလေးရုပ်ရံ၊ ရွှေကလပ်တင်၊ အဖုံးနဝရတ်ကိုးပါးခြယ်ရွှေကွမ်းအစ် | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၁၂။ | ကျောက်မျက် ရတနာခြယ်ဟင်္သာရုပ်သဏ္ဌာန် ကလပ်တင်ရွှေအုပ် | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၁၃။ | အဖြူရောင်ဖဲအောက်ခံ၊ ရွှေချည်ထိုး ပန်းဖော်၍ အဖျားတွင် ပုလဲ၊ ကျောက်မျက် ရတနာစီခြယ်ထားသောထီး | $V_{12}$ ဗီရိုအပေါ်ဆုံးထပ်အကန့် | မကောင်း | ၁ | ၁၂/၁၉၆၄ |
| စုစုပေါင်း | | | | ၁၄ | |

**၁၉၆၅ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ကြယ် (၅) ပွင့် သင်္ဘောဖြင့် ထပ်မံရောက်လာသည့် မြန်မာ့နန်းတွင်းပစ္စည်းများ**

| စဉ် | ပစ္စည်းအမည် | ပစ္စည်းတည်နေရာ | ပစ္စည်းအခြေအနေ | အရေအတွက် | ရရှိသည့်နေ့စွဲ |
|---|---|---|---|---|---|
| ၁။ | ကွမ်းလောင်းကြီး | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂။ | ဆယ့်နှစ်ရာသီ ကွမ်းခွက် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃။ | ပယင်းဟင်္သာရုပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄။ | တကောင်း | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅။ | တကောင်းပိတ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆။ | ကရား | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇။ | ဆယ်နှစ်မြှောင့်ကွမ်းခွက် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈။ | ရှစ်ထောင့်ကွမ်းခွက် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉။ | ဒေါင်းပေါင် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀။ | နဂါးခံကွမ်းအစ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၁။ | အဖုံးပါကွမ်းခွက်ငယ် | ။ | ကောင်း | ၄ | ၂၁.၇.၁၉၆၅ |
| ၁၂။ | ကလပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၃။ | ကလပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၄။ | ဖလား | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၅။ | ခရုသင်း | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၆။ | နန်းဆွဲအုပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၇။ | မကိုဋ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၈။ | မောက်တို (ခေါင်းဆောင်း) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၉။ | ဇာတာခြင်း | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

| စဉ် | ပစ္စည်းအမည် | ပစ္စည်းတည်နေရာ | ပစ္စည်းအခြေအနေ | အရေအတွက် | ရရှိသည့်နေ့စွဲ |
|---|---|---|---|---|---|
| ၂၀။ | ဓားမြှောင် | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၁။ | ရွှေယပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၂။ | ရွှေဖိနပ် | ။ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၂၃။ | မင်းတုန်းမင်း မုဒ္ဓါဘိသိက် မင်္ဂလာအခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၄။ | မင်းတုန်းမင်းမြို့သိမ်း မင်္ဂလာအခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၅။ | သီပေါမင်းနန်းသိမ်းမင်္ဂလာ အခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၆။ | သီပေါမင်းမြို့သိမ်း မင်္ဂလာ အခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၇။ | ဗဒုံမင်းမုဒ္ဓါဘိသိက်မင်္ဂလာ အခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၈။ | ဗဒုံမင်းနန်းသိမ်းမင်္ဂလာ အခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၉။ | မင်းတုန်းမင်းမိဖုရားခေါင်ကြီးတံဆိပ်နာမံ (သီရိပဝရတိလောကမဟာရာဇိန္ဒာဓိပတိပဒုမရတနာဒေဝီ) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၀။ | စုဖုရားလတ်တံဆိပ်နာမံ (သီရိပဝရအတုလတိလောက မဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၁။ | မင်းတုန်းမင်းတံဆိပ်နာမံ (သီရိပဝရဝိဇာယာနန္တယသတိလောကဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၂။ | သီပေါမင်းတံဆိပ်နာမံ(သီရိပဝရဝိဇာယာနန္တယသပဏ္ဍိတတြိဘဝနာ ဒိတျာဓိပတိ မဟာဓမ္မရာဇာဓိရာဇာ) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၃။ | သောင်သွပ်စော်ဘွားနဖူးစည်း | ။ | ကောင်း | ၅ | ၂၁.၇.၁၉၆၅ |
| ၃၄။ | ညောင်ဝန်းဝန်ထောက်မင်းမင်းကြီးမဟာမင်းခေါင်သခ်ယာ၏နဖူးစည်း | ။ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၃၅။ | ဝန်မင်းကြီးဦးသာသင်း (ယောမြို့)၏ နဖူးစည်း | ။ | ကောင်း | ၄ | ၂၁.၇.၁၉၆၅ |
| ၃၆။ | ကျောက်စီဓား | ။ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၃၇။ | လက်ကိုင်ကြေးမုံ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၈။ | မှန် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၉။ | သလင်းမြှောင် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၀။ | ကျပ်လျှား | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၁။ | ရတနာပန်းတောင်း | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၂။ | မှန်စိမ်းတပ် ဆယ့်နှစ်မြှောင့်ကွမ်းခွက် | $V_{1}$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၄၃။ | ဆယ့်နှစ်မြှောင့်ကွမ်းခွက် | $V_{1}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၄။ | သောင်သွပ်စော်ဘွား ဦးသျှောင် | $V_{1}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၅။ | တကောင်းပိတ် အောက်ပိုင်း | $V_{1}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၆။ | ကရဝိက်ကွမ်းအုပ် အောက်ခံ | $V_{1}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၇။ | တကောင်းပိတ် | $V_{1}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၈။ | သားမြီးယပ် | $V_{1}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၉။ | ရှစ်ထောင့်ကွမ်းခွက် | $V_{1}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၀။ | ရွှေကရား | $V_{3}$a | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၁။ | ဆင်းတု (သစ်သားရွှေပြားကပ်) | $V_{3}$a | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၂။ | ကြေးစေတီပုံကြုတ် | $V_{3}$a | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၃။ | ငွေစေတီပုံကြုတ် | $V_{3}$a | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၄။ | ကြေးစေတီပုံစံအသေး | $V_{3}$a | ကောင်း | ၄ | ၂၁.၇.၁၉၆၅ |
| ၅၅။ | ကြေးစေတီပုံစံအလတ် | $V_{3}$a | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၆။ | စေတီပုံရွှေကြုတ်အသေး | $V_{3}$a | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၇။ | စေတီပုံရွှေကြုတ်အသေး | $V_{3}$a | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၈။ | စေတီပုံရွှေကြုတ်အသေး | $V_{3}$a | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၉။ | ကျောက်စိမ်းဆင်းတုအသေး | $V_{3}$a | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၀။ | စိန်ဖူး (အတို) | $V_{3}$a | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၁။ | စိန်ဖူး (အရှည်) | $V_{3}$a | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၂။ | ငှက်မြတ်နား | $V_{3}$a | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၃။ | မဏ္ဍိုင်ပါငှက်မြတ်နား | $V_{3}$a | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၄။ | ပါးကာ၊နားကာ | $V_{3}$a | ကောင်း | ၈ | ၂၁.၇.၁၉၆၅ |
| ၆၅။ | ကျောက်စိမ်းပန်းကန်ကြီး | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၆။ | ကျောက်စိမ်းပန်းကန် | $V_{4}$ | ကောင်း | ၄ | ၂၁.၇.၁၉၆၅ |
| ၆၇။ | သီပေါမင်းနာရီနှင့် ဖောင်တိန် | $V_{4}$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၆၈။ | နဂါး | $V_{4}$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၆၉။ | ခါးပတ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၀။ | နားတောင်းတစ်ရံ | $V_{4}$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၇၁။ | စိန်(၈)လုံးစီ နားတောင်းကြုတ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၂။ | ကြောင်လက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၃။ | စိန်လက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၄။ | စိန်လက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၅။ | နီလာလက်စွပ် (ငါးကြီးဆီရောင်) | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၆။ | နီလာလက်စွပ် (ငါးကြီးဆီရောင်) | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၇။ | ပတ္တမြားလက်စွပ် (အညှံ့ပန်း) (ပန်းနုရောင်) | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၈။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၉။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၀။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၁။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၂။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၃။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၄။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၅။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၆။ | မြလက်စွပ်အကြီး | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၇။ | ပတ္တမြားကိုးပွင့်စီခြယ် ထားသော လက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၈။ | ကွမ်းခွက်ငယ် (အဖုံးမပါ) | $V_{5}$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၈၉။ | ကရဝိက်ကွမ်းအုပ် | $V_{7}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၀။ | မကိုဋ် (မိဖုရားသုံး) | $V_{9}$ | မကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၉၁။ | ဆင်ဖြူမရှင်ဘွဲ့ (သီရိတိလောကမဟာရတနာဒေဝီ) | $V_{10}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၂။ | ဆင်ဖြူတော်ဘွဲ့(မောရိယပစ္စယနာဂရာဇာ) | $V_{10}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၃။ | မောက်ရူ (အထွတ်ပါ) | $V_{12}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၄။ | မောက်ရူ (ပါးကာ၊ နားကာ) | $V_{12}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၅။ | သီပေါမင်းဘွဲ့ (သီရိပဝရာဒိတျလောကာ ဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၆။ | မင်းတုန်းမင်း မိဖုရားခေါင်ကြီးဘွဲ့ (သီရိပဝရမဟာရာ ဇိန္ဒာဓိပတိ ရတနာဒေဝီ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၇။ | မင်းတုန်းမင်းမိဖုရားခေါင်ကြီးဘွဲ့ (သီရိပဝရမဟာရာဇိန္ဒရတနာဒေဝီ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၈။ | စုဖုရားလတ်ဘွဲ့ (သီရိပဝရမဟာရာဇိန္ဒာဘိသုဓမ္မရတနာနန္ဒာဒေဝီ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၉။ | ပုဂံမင်းဘွဲ့ (သီရိသုဓမ္မတိလောကပဝရ မဟာရာဇာဓိရာဇာ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၀။ | ယပ်(နှစ်ခု) | $V_{12 b}$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၁၀၁။ | ယပ်(တစ်ခု) | $V_{12 b}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၂။ | ထီးရိုးနှစ်ပိုင်း | $V_{12 b}$ | ကောင်း | ၁(၂)ပိုင်း | ၂၁.၇.၁၉၆၅ |
| ၁၀၃။ | အမည်မသိတုတ် | $V_{12 b}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၄။ | ကွမ်းလောင်းငယ် | $V_{13}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၅။ | အဖုံးမပါရှစ်ထောင့် ကွမ်းခွက်ငယ် | $V_{13}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၆။ | အဖုံးမပါခိုနန်းချိုးပုံ ကွမ်းခွက်ငယ် | $V_{13}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၇။ | ဓားရှည် (ဓားအိမ်ပါ) | $V_{15}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၈။ | ဓားရှည် (ဓားအိမ်မပါ) | $V_{15}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| စုစုပေါင်း | | | | ၁၄၁ | |

ငင်းနောက် ၁၈၉၀ ပြည့်နှစ်ကစပြီး အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဝိတိုရိယနှင့် အဲလ်ဘတ်ပြတိုက်ကြီးတွင် ထိန်းသိမ်းထားခဲ့သော မင်းမြောက်တန်ဆာနှင့် ထီးသုံးနန်းသုံးပစ္စည်းများကို ၁၉၆၄ ခုနှစ်နှင့် ၁၉၆၅ ခုနှစ်တို့၌ အသီးသီး ပြန်လည်ပေးအပ်ခဲ့သည်။

ထိုသို့ အချို့မြန်မာ့အမွေပစ္စည်းများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သော်လည်း အောက်ပါတို့မှာ ယနေ့တိုင် ကျန်နေဆဲပင်ဖြစ်သည်-

(၁) ပတ္တမြား ငမောက်ကျောက်
(၂) လှော်ကားတင်လေးကျောက်၊ရတီ ၂၀
(၃) လှော်ကားတင်ကြီးကျောက်၊ ရတီ ၄၀ ကျော်
(၄) ဆက်မတော်ကျောက်၊ ရတီ ၄၀ ကျော်
(၅) စံကျောက်တော်၊ ရတီ ၆
(၆) အခြား နဂါးမိုလ်စသောကျောက်များ သာမက
   (က) ဘုရင်နှင့် မိဖုရားပိုင်ပစ္စည်းအချို့နှင့် နန်းစဉ်ပစ္စည်းများကို သေတ္တာကြီးငယ်တွင် ထည့်၍ ကာနယ်စလေဒင်အား အပ်ရသည်။
   (ခ) အလယ်နန်းမတော် မိဖုရားဆင်ဖြူမရှင်၏ ကိုယ်ပိုင်ရွှေဒင်္ဂါးများနှင့် ရှစ်သိန်းကျော်တန် (ယင်းခေတ်ကာလက တွက်ချက်သောတန်ဖိုး)ပစ္စည်းများ၊
   (ဂ) ဘုရင်နှင့် မိဖုရားနှစ်ပါးတို့၏ ကိုယ်ပိုင်ပစ္စည်းများ၊ ကနုကမာ သေတ္တာတွင် ထည့်သွင်း၍အပ်ရသည်။ ယင်းတို့မှာ-

| | | |
|---|---|---|
| ၁။ | စိန်၊ မြ၊ ပတ္တမြား နားတောင်းတော် | ၁၂ရန် |
| ၂။ | ပတ္တမြားစလွယ် | ၁ |
| ၃။ | ဓာတ်တော်ကြီးငယ် | ၂ |
| ၄။ | စိန်ခါးစည်း | ၁ |
| ၅။ | စိန်ပန်းခွေ | ၁ |
| ၆။ | စိန်ပန်းခိုင် | ၃ |
| ၇။ | စိန်လက်ကောက် | ၁ ရန် |
| ၈။ | စိန်လည်ကပ် | ၂၄ |
| ၉။ | စိန်ကြိုး (ကုံးရေ) | ၁၀ |
| ၁၀။ | စိန်လက်စွပ် | ၂၀ |
| ၁၁။ | ပတ္တမြားလက်စွပ် (လှော်ကားတင်ကျောက်) | ၁ |
| ၁၂။ | ကြိုးကျောက် | ၂ |
| ၁၃။ | မောက်ကြီး | ၁ |
| **စုစုပေါင်း** | | ၇၉ တို့ဖြစ်သည်။ |

ယင်းပစ္စည်းများအပြင် ကုန်းဘောင်မင်းဆက်တို့၏ ရွှေကိုယ်လေးရုပ်တုများသည်လည်း အပါအဝင်ဖြစ်ပြီး ယနေ့တိုင်ပြန်လည်မရရှိသေးပေ။

ထို့ကြောင့် အင်္ဂလိပ်တို့၏ ကျူးကျော်စစ်ကြောင့် ဆုံးရှုံးသွားခဲ့ရသော မြန်မာ့အချုပ်အခြာ အာဏာ၊ မြန်မာ့မြေ၊ မြန်မာ့အမွေများသည် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကြောင့် လွတ်လပ်ရေးကိုရရှိလာပြီး မြန်မာ့အချုပ်အခြာအာဏာနှင့် မြန်မာ့မြေဟူ၍ တည်ရှိလာပြီး ယနေ့အချိန်အခါတွင် ကမ္ဘာ့အလယ်တွင် ရပ်တည်နေနိုင်ပြီဖြစ်သည်။ သို့သော် ဆုံးရှုံးသွားပြီး ပြန်လည်ရရှိရန် ကျန်ရှိနေသေးသည့် စာရင်းဝင်/စာရင်းမဝင် မြန်မာ့အမွေ နန်းစဉ်ပစ္စည်းများကိုမူ ပြန်လည်ရရှိရန် ကြိုးစားကြရမည်ဖြစ်ပေသည်။ မြန်မာ့အမွေအနှစ်ပစ္စည်းများသည် အင်္ဂလန်နိုင်ငံ၌သာမက အခြားသော နိုင်ငံများတွင်ပါ ရှိနေဦးမည်ဟု ထင်မြင်ယူဆရပါသည်။ ။

**သမိုင်းသုတေသနနှင့်**
**အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇွန် ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက်တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆေးကုသမှုခံယူရာမှ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပြီဖြစ်သည့် နဂါးကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စက္ကိန္ဒာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထား၍ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စေတီတောင်ရပ်ကွက်ရှိ စွန့်ပစ်အမှိုက်ပုံကြီးအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် လေပွေ့ရပ်ကွက်ရှိ MSME လုပ်ငန်းတစ်ခုဖြစ်သော နေလှန်းဆားကြမ်းမှ အိမ်သုံးအိုင်အိုဒင်းဆား ထုတ်လုပ်သည့် ကြံတိုင်းအောင် ဆားကြိတ်စက်လုပ်ငန်းသို့ သွားရောက်၍ ဆားထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်အား လေ့လာကြည့်ရှုအားပေးခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု ဂန္ဓမာကျေးရွာ၌ ကျေးရွာ လေးရွာမှ ဒေသခံပြည်သူများအား နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျေးရွာ ရှစ်ရွာမှ လေဘေးသင့်ပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် အမှတ်(၃)ရပ်ကွက်ရှိ မြို့လယ်ရေမြောင်းအား မြို့သန့်ရှင်းသာယာလှပစေရေး၊ မိုးရာသီကာလ ရေမြောင်းများ ရေပြည့်ရေလျှံမှုများမဖြစ်စေရန်နှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ရခိုင်ပြည်နယ် သံတွဲမြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ်စိုးနိုင်ဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မိုးစပါးစိုက်ကေပြည့်မီရေးနှင့် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ်အောင်မျိုးထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တောင်ရင်တန်းရပ်ကွက်ရှိ အလိုတော်ပြည့်ကျောင်း ဆရာတော်အား သွားရောက်ဖူးမြော် ကြည်ညိုပြီး နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**သွားရောက်ဆက်ကပ်**

ထို့အတူ ရခိုင်ပြည်နယ် မင်းပြားမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်ဇော်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မင်းပြားမြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ လှူဒါန်းသည့် ဆွမ်းဆန်တော်များနှင့် စားသောက်ဖွယ်ရာများကို သီလရှင်ကျောင်းတိုက်အသီးသီးတွင် သီတင်းသုံးဆောက်တည်နေကြသည့် သာသနာ့နွယ်ဝင် သီလရှင် ၃၃ ပါးအား အလယ်ပိုင်းရပ်ကွက်ရှိ ဓမ္မိကာရုံပရိယတ္တိစာသင်ကျောင်းတိုက်၌ သွားရောက်ဆက်ကပ်လှူဒါန်းသည်။

အလားတူ ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့သူကြီးကျေးရွာ၌ မောင်တောခရိုင် သစ်တောဦးစီးဌာနမှ ကျင်းပသည့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ တက်ရောက်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား စိုက်ပျိုးပင်များ ဖြန့်ဝေပေးသည်။ ယင်းနောက် သစ်ပင်များ စုပေါင်းစိုက်ပျိုးကြပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် မြို့မတောင်ရပ်ကွက်၌ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်းသည်။

**သတင်းစဉ်**

---

**★ ရှေ့ဖုံးမှ**

အဆိုပါ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရာတွင် မျိုးသန့်ခြံဝင်းရှိ စိုက်ပျိုးလယ်မြေဧက ၁၂၀ တွင် စနစ်တကျစိုက်ပျိုးပြီး ထွက်ရှိလာသော သီးနှံမျိုးစေ့များကို စနစ်တကျ မျိုးသန့်မျိုးစေ့ထုတ်လုပ်ကာ တိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူများကို ဖြန့်ဖြူးဆောင်ရွက်ပေးကြောင်း သိရသည်။

“လက်ရှိမှာတော့ ဆင့်ပွားစပါးမျိုးနဲ့ မျိုးသန့်မျိုးပွားစပါးမျိုး စိုက်ပျိုးနိုင်ရေး ပျိုးထောင်ခြင်းနဲ့ ပျိုးဗန်းများပြင်ဆင်ခြင်း၊ လယ်ယာမြေများ ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ မြေဆီမြေလွှာကောင်းမွန်စေရေး မြေသြဇာကျွေးခြင်း စတဲ့ကြိုတင်ပြင်ဆင်ရတဲ့လုပ်ငန်းတွေကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ စပါးမျိုးကွဲလေးမျိုး မျိုးစေ့ထုတ်စိုက်ပျိုးခြင်းကိုတော့ ဇူလိုင်လ ဒုတိယပတ်လောက်မှာ စတင်စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်”ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ) တာဝန်ခံ ဦးအောင်ချစ်က ပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ)အနေဖြင့် နှစ်စဉ် ဒေသတွင်းရှိ တောင်သူများကို စပါးမျိုးကောင်း မျိုးသန့်မျိုးစေ့နှင့် ကုလားပဲမျိုးကောင်းမျိုးသန့်မျိုးစေ့များကို အဆင်ပြေစွာ စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိသဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးရေးအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်မျိုးစေ့ကို အဆင်ပြေစွာ ဝယ်ယူစိုက်ပျိုးခွင့်ရရှိသဖြင့် များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

---

**✻ သဘာဝဘေးမှ**

စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

**ပို့ဆောင်**

သဘာဝဘေးဒဏ်သင့်ဒေသများရှိပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၃၉ ဒသမ ၆ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၄၂ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါတပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၂၇**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်း ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ပလက်ဝမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ကီမိုခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်/ စစ်သမီးများက အဆို/ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



**ကပြဖျော်ဖြေ**

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းအဆို/အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်/စစ်သမီးများအား နယ်မြေခံတပ်မှ တာဝန်ရှိသူတို့က ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ပုသိမ်မြို့၌ မွေးမြူရေးလုပ်ငန်းသုံး တိရစ္ဆာန်အစာများ ကြိတ်ခွဲပြုပြင်ထုတ်လုပ်သည့် စက်ပစ္စည်းများ မိတ်ဆက်ရှင်းလင်း

ပုသိမ် ဇွန် ၂၇

မွေးမြူရေးလုပ်ငန်းသုံး တိရစ္ဆာန်အစာများ ကြိတ်ခွဲ ပြုပြင်ထုတ်လုပ်သည့် စက်ပစ္စည်းများ မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက မွေးမြူရေးလုပ်ငန်းသုံး တိရစ္ဆာန်အစာများ ကြိတ်ခွဲပြုပြင် ထုတ်လုပ်သည့် စက်ပစ္စည်းများကို တိုင်းဒေသကြီးရှိ စိုက်ပျိုး၊ မွေးမြူရေး တောင်သူများ လေ့လာအသုံးပြုနိုင်စေရေးအတွက် ပြသပေးခြင်းဖြစ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးသည် စိုက်ပျိုး၊ မွေးမြူရေးတိုင်းဒေသကြီး ဖြစ်သော်လည်း စိုက်ပျိုးရေးအတွက် မြေဩဇာနှင့် မွေးမြူရေးအတွက် တိရစ္ဆာန်အစားအစာများ ထုတ်လုပ်မှု နည်းပါးနေသေးကြောင်း၊ ဒေသထွက်ကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာများ ပိုမိုထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုပြသထားသည့် စက်ပစ္စည်းများဖြင့် တစ်နိုင်တစ်ပိုင် ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီး၏ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်အောင် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် VNMM Trading ကုမ္ပဏီလီမိတက်မှ CEO ဦးရန်လင်းက စက်ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများနှင့် တောင်သူများ၏ သိရှိလိုသည့် မေးမြန်းမှုကို ကုမ္ပဏီမှ CEO က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် VNMM Trading ကုမ္ပဏီလီမိတက်မှ ဗီယက်နမ်နိုင်ငံထုတ် မက္ကဒေးမီးယား အခွံစိမ်းခွာစက်၊ ဘက်စုံသုံးကြိတ်စက်၊ အမှုန့်ကြိတ်စက်၊ အစာတောင့်ထုတ်စက်များဖြင့် ငါး၊ ပုစွန်၊ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွားစာများ လက်တွေ့ပြသ ထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများတွင် တပ်မတော်က ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၇

သဘာဝ ဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ ဒေသများတွင်အင်တိုက်အားတိုက် ကူညီဆောင်ရွက် ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မောင်တောမြို့၌ ရောက်ရှိနေသည့်ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ မြို့သူကြီးကျေးရွာ၌ မောင်တောခရိုင် သစ်တောဦးစီးဌာနမှ ကျင်းပသည့် ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၌ စုပေါင်းသစ်ပင် စိုက်ပျိုးပေးပြီး နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ မြို့ယုကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့်ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ စံပြရပ်ကွက်ရှိ ဒေသခံပြည်သူများအား စံပြစာတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသည့် နယ်လှည့် ဆေးကုသရေးအဖွဲ့သည် မြို့ယုကျေးရွာရှိဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့်ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကားလမ်းမဘေးဝဲ/ယာရှိ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ လက်ဝဲဒက်ပြင်ရှည်ကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ မြောက်ဦးမြို့၌ ရောက်ရှိနေသည့်ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ သက်မာရ်အောင် စေတီတော်အတွင်း၌ အမှိုက်များရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့်ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၂၇

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်



# ကျောင်းကုန်းမြို့၌ တိရစ္ဆာန်အစာပင် နေပီယာမြက် သရုပ်ပြစိုက်ပျိုးပွဲ ကျင်းပ

ကျောင်းကုန်း ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ် အစီအစဉ်အရ တိရစ္ဆာန်အစာပင် နေပီယာမြက် သရုပ်ပြစိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၉ နာရီက ရေဂလုတ်အုပ်စု ပေါက်ငူကျေးရွာရှိ တောင်သူဦးအောင်နိုင်ထွန်း၏ လယ်မြေဧက သုည ဒသမ ၅၀ ၌ ကျင်းပခဲ့သည်။

အဆိုပါ နေပီယာမြက် သရုပ်ပြစိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနေဝင်းနောင်၊ အဖွဲ့ဝင်(၂) ဦးတင်မောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာကြည်ကြည်မြင့်နှင့် ဝန်ထမ်းများ၊ နေပီယာမြက် စိုက်ပျိုးသူတောင်သူများ တက်ရောက်ကြသည်။

တိရစ္ဆာန်အစာပင်များစိုက်ပျိုးခြင်းဖြင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ခြင်း၊ အာဟာရပြည့်ဝသော တိရစ္ဆာန်အစာများ ကျွေးမွေးနိုင်၍ ထုတ်လုပ်မှုစွမ်းအားမြင့်မားလာခြင်း၊ တိရစ္ဆာန်အညစ်အကြေးများကို ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာအုပ်စု သာမညစကြာ်တောင်လမ်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

မော်လမြိုင် ဇွန် ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရိုးဂိုးအုပ်စု သာမညစကြာ်တောင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်တာဝန်ရှိသူများက ဇွန်လဒုတိယပတ်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးလှမျိုးဝင်းက မော်လမြိုင်မြို့နယ် ရိုးဂိုးအုပ်စု သာမညစကြာ်တောင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပစ္စည်းစုဆောင်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မော်လမြိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ၁၈၂၃ ဒသမ ၄၇၅ သန်းဖြင့် ကွန်ကရစ်လမ်း သုံးလမ်း၊ ကွန်ကရစ်တံတား လေးစင်း၊ ကတ္တရာ ထပ်ပိုးလွှာ ငါးလမ်းတို့အား ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကျေးလက်လမ်း၊ တံတားများ ရာသီမရွေး အသုံးပြုသွားလာနိုင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ရေရှည်တိုးတက် အရှိန်အဟုန်မပျက် သမဝါယမရဲ့ ဆောင်ရွက်ချက်

**စစ်လွမ်းနောင်(မန်းမြေသား)**

ကမ္ဘာပေါ်ရှိသမဝါယမလုပ်ငန်းများအောင်မြင်ထွန်းကားသောနိုင်ငံများတွင် နှစ်စဉ်နှစ်တိုင်း မိမိတို့နိုင်ငံ၏အစီအစဉ်ဖြင့် သင့်လျော်သည့်နေ့တစ်နေ့ကို သမဝါယမနေ့ဟူ၍ သတ်မှတ်ကာ အထိမ်းအမှတ်ပွဲများ ကျင်းပခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဟူ၍ ကမ္ဘာပေါ်တွင် ပထမဆုံးကျင်းပသည့်နေ့မှာ ၁၉၂၃ ခုနှစ် ဇူလိုင်လ၏ ပထမပတ်စနေနေ့ဖြစ်သည်။ ထိုနှစ်မှစ၍ ကမ္ဘာ့နိုင်ငံများတွင် နှစ်စဉ် ဇူလိုင်လ ပထမပတ် စနေနေ့တိုင်း အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကျင်းပခဲ့ကြသည်။ ဤကဲ့သို့ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဟူ၍ ဖြစ်ပေါ်လာရသည်မှာ ICA-International Co-operative Alliance ခေါ် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီး၏ ကြိုးပမ်းမှုကြောင့်ပင်ဖြစ်သည်။ ထိုအဖွဲ့ချုပ်ကြီးကို ၁၈၉၅ ခုနှစ်ကစ၍ တည်ထောင်ခဲ့ကြသည်။

**အဖွဲ့ချုပ်ကြီး၏ အဓိကရည်ရွယ်ချက်မှာ လူတစ်ဦးတစ်ယောက်တည်းကောင်းစားရေးထက် လူအများကောင်းစားရေးကို ရှေးရှုသော သမဝါယမလုပ်ငန်းများ ကမ္ဘာပေါ်တွင် ပြန့်ပွားထွန်းကားစေရန်ဖြစ်သည်။** ထိုအဖွဲ့ချုပ်ကြီးသည် တစ်စထက်တစ်စ တိုးတက်ကြီးပွားလာခဲ့ရာ ၁၉၃၀ ပြည့်နှစ်တွင် နိုင်ငံပေါင်း ၄၀ မှ သမဝါယမအဖွဲ့ချုပ်ပေါင်း ၁၁၇ ဖွဲ့က အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။ ယခုအခါ နိုင်ငံပေါင်း ၁၀၇ နိုင်ငံမှ သမဝါယမအဖွဲ့ချုပ်ပေါင်း ၃၁၇ ဖွဲ့က အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့ကြသည်။ မြန်မာနိုင်ငံမှ **ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့က အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။**

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီးနောက် ယခင်ခေတ်အဆက်ဆက်က ဖွဲ့စည်းခဲ့သည့် သမဝါယမအသင်းဟောင်းများအား ဈေးကွက်အခြေပြုစီးပွားရေးစနစ်ကို ကျင့်သုံးနေသည့်အလျောက် ပြောင်းလဲလာသောအခြေအနေနှင့် လိုက်လျောညီထွေမှုရှိသည့် စီးပွားရေးလုပ်ဆောင်နိုင်မည့် အခွင့်အလမ်း၊ လုပ်ကိုင်ခွင့်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊ အပြည်ပြည်ဆိုင်ရာ သမဝါယမအခြေခံမူများအပေါ်အခြေခံပြီး သမဝါယမစီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို အဟန့်အတားများနှင့် ချုပ်ကိုင်စေခိုင်းမှုများမရှိဘဲ ကိုယ်တိုင်ကြိုးပမ်းအားထုတ်မှုရှိလျှင်ရှိသလောက် တိုးတက်မှုရှိစေရန် ရည်ရွယ်ချက်များဖြင့် ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေနှင့်အညီ သမဝါယမအသင်းများအား ပြုပြင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ ဆောင်ရွက်ခဲ့ရာ ၃၁-၅-၂၀၂၃ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအလိုက် ကုန်ထုတ်လုပ်မှုသမဝါယမအသင်း ၃၁၉၉၀ သင်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၃၆၀၄ သင်းနှင့် ကုန်သွယ်မှုသမဝါယမအသင်း ၃၁၁၅ သင်းဖြစ်ပြီး သမဝါယမအသင်းပေါင်း ၃၈၇၀၉ သင်းကို ဖွဲ့စည်းနိုင်ခဲ့သည်။ အသင်းအမျိုးအစားများအနေဖြင့် ဗဟိုသမဝါယမအသင်းတစ်သင်း၊ သမဝါယမအသင်းစုချုပ် ၂၂ သင်း၊ သမဝါယမအသင်းစု ၄၄၈ သင်း၊ အခြေခံသမဝါယမအသင်း ၃၈၂၃၈ သင်း စုစုပေါင်း ၃၈၇၀၉ သင်းဖြစ်သည်။



ကျောက်ပန်းတောင်းမြို့နယ် အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးစဉ်။

**အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု**

သမဝါယမသည် ပြောင်းလဲလာသော နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စီးပွားရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်အညီ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုဟူသော သမဝါယမအခန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားခဲ့မှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံတော်တော်များများ စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ကုန်ထုတ်လုပ်မှုများ ကျဆင်းလာသည့်အတွက် ကုန်ပစ္စည်းဈေးနှုန်းများမြင့်တက်ခြင်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများတွင် ချေးငွေအပေါ် ရရန်ရှိသည့်ဝင်ငွေများ မရရှိသေးခြင်း၊ အရောင်းအဝယ် ကုန်သွယ်မှုလုပ်ငန်းများ ကျဆင်းလာခြင်း စသည့်အခက်အခဲ၊ အကျပ်အတည်းများကြားမှ ၂၀၂၂-၂၀၂၃ ခုနှစ်တွင်သမဝါယမထုတ်လုပ်မှုကဏ္ဍမှ ကျပ် ၉၂ ဒသမ ၁၂၅ ဘီလီယံနှင့် သမဝါယမဝန်ဆောင်မှုကဏ္ဍမှ ကျပ် ၆၇ ဒသမ ၈၅၉ ဘီလီယံ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သမဝါယမ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးတို့အတွက် စာရင်းများအရ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုမှ မြို့နယ်ပေါင်း ၂၁၅ ခု၊ အသင်းပေါင်း ၄၃၉၅ သင်းရှိ အသင်းသား ၁၀၃၈၄ ဦးအား ငွေကျပ် ၁၃၅ ဒသမ ၁၉၅ ဘီလီယံ တန်ဖိုးရှိ စက်ကိရိယာပစ္စည်း ၁၀၈၅၄ မျိုးကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထားကြောင်း၊ ထို့ပြင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Quick Win အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်ကိုးခုနှင့် နေပြည်တော်ရှိ စံပြကျေးရွာ၊ သမဝါယမအသင်း၊ သမဝါယမအသင်းသားများအတွက် ဒေဒေါင်းလယ်ယာသုံးစက်ကိရိယာ ၅၄ စီး မူလတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၄၅၃ ဒသမ ၁၅၈ သန်းနှင့် ဆက်စပ်ပစ္စည်း ၁၄၉ ခု မူလတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၂၆ ဒသမ ၆၃၀ သန်း စုစုပေါင်းငွေကျပ် ၅၉၇ ဒသမ ၇၈၈ သန်းကို ပြည်ထောင်စုအစိုးရအဖွဲ့ ဘတ်ဂျက်မှ ရရှိအောင် တောင်းခံဆောင်ရွက်ပေးပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်စေလျက်ရှိကြောင်း သိရသည်။

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ**

စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ် ပဲတီစိမ်းစိုက်ပျိုးရာသီတွင် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုစီမံကိန်းကို တိုင်းဒေသကြီးသုံးခုရှိ မြို့နယ် ၂၁ မြို့နယ်၊ ကျေးရွာ ၃၁၄ ရွာ၊ သမဝါယမအသင်း ၃၁၆ သင်းမှ အသင်းသား ၁၇၆၆ ဦး၏ စိုက်ဧက ၁၂၈၂၁၇ ဧကအတွက် သွင်းအားစုတန်ဖိုးကျပ် ၁၁၀၉၄ ဒသမ ၅၂၁ သန်း ပံ့ပိုးပေးနိုင်ခဲ့ပြီး ငွေကျပ် ၄၀၄၉၅ ဒသမ ၂၃၅ သန်း တန်ဖိုးရှိ ပဲတီစိမ်း ၅၃၁၇၀၃ ဒသမ ၇ တင်းကို ထုတ်လုပ်ရောင်းချနိုင်ခဲ့ကြောင်း၊ ထိုသို့ ရောင်းချရမှုအပေါ် သမဝါယမအသင်းနှင့် အသင်းသားများအတွက် ပြန်ပေးသည့်ရန်ပုံငွေ (Refund)အဖြစ် ပဲတီစိမ်း ၆၇၉၆၃ ဒသမ ၇ တင်း တန်ဖိုးအားဖြင့် ငွေကျပ် ၅ ဒသမ ၁၅၇ သန်း အကျိုးအမြတ်ရရှိခဲ့ကြောင်း၊ နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးစိုက်ပျိုးထုတ်လုပ်မှုစီမံကိန်းကို တိုင်းဒေသကြီး/ ပြည်နယ်ခုနစ်ခုရှိ မြို့နယ် ၂၆ မြို့နယ်၊ သမဝါယမအသင်း ၇၃ သင်းမှ နွေစပါးစိုက်ဧက ၂၁၄၁၉ ဒသမ ၅၉ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် သွင်းအားစုပစ္စည်းများပံ့ပိုးပေးခဲ့ရာ မျိုးစပါး ၁၁၆၆ တင်း၊ သဘာဝမြေဩဇာ ၂၁၆ အိတ်၊ ပုလဲဓာတ်မြေဩဇာ (50 Kg) ၂၇၈၂၉ ဒသမ ၇၅ အိတ်၊ ကွန်ပေါင်းမြေဩဇာ (50 Kg) ၉၈၈၇ ဒသမ ၉၀ အိတ်၊ ကွန်ပေါင်းမြေဩဇာ(4 Kg) ၁၃၀၂ အိတ် စုစုပေါင်း ငွေကျပ် ၄၀၁၈ ဒသမ ၄၄၅ သန်း တန်ဖိုးရှိ သွင်းအားစုများ ပံ့ပိုးပေးနိုင်ခဲ့ပြီး သီးနှံထွက်ရှိချိန်တွင် ပံ့ပိုးပေးထားသည့် သွင်းအားစုတန်ဖိုးနှင့်ညီမျှသော စပါးကို သက်ဆိုင်ရာသမဝါယမအသင်းများအလိုက် အမှုဆောင်အဖွဲ့က စုစည်းကောက်ယူ၍ ပို့လျှံသည့် စပါးများကို တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမအသင်းစုချုပ်များ / မြို့နယ်သမဝါယမ အသင်းစုများကလည်းကောင်း၊ ဒေသခံကုမ္ပဏီများ/ ဆန်စက်လုပ်ငန်းရှင်များကလည်းကောင်း အသင်းသားတောင်သူများထံမှ ကာလပေါက်ဈေးဖြင့်ဝယ်ယူပြီး သက်ဆိုင်ရာသမဝါယမအသင်းသို့ Refund အဖြစ် စပါးတစ်တင်းဝယ်ယူတိုင်း ငွေ ၂၀၀ ကျပ် ပြန်လည်ပေးသွင်းခြင်းဖြင့် အသင်းနှင့်အသင်းသားများ အကျိုးအမြတ်ရရှိရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မိုးစပါးစိုက်ပျိုးရာသီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် သွင်းအားစုများပံ့ပိုးပေးမည့် မိုးစပါး စိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းကို ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှလွဲ၍ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဧက ၁၀၀၀၀ စီ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ နေပြည်တော်နှင့် တိုင်းဒေသကြီးသုံးခုတို့မှ စုစုပေါင်း စိုက်ပျိုးဧက ၆၁၉၀၂ ဒသမ ၈၉ ဧကအတွက် မျိုးစပါးနှင့် သွင်းအားစုများပံ့ပိုးပေးရန် လိုအပ်ငွေကျပ် ၁၂၃၇၉ ဒသမ ၅၇၈ သန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှလည်းကောင်း၊

> **“စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ် ပဲတီစိမ်းစိုက်ပျိုး ရာသီတွင် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုစီမံကိန်းကို တိုင်းဒေသကြီးသုံးခုရှိ မြို့နယ် ၂၁ မြို့နယ်၊ ကျေးရွာ ၃၁၄ ရွာ၊ သမဝါယမအသင်း ၃၁၆ သင်းမှ အသင်းသား ၁၇၆၆ ဦး၏ စိုက်ဧက ၁၂၈၂၁၇ ဧကအတွက် သွင်းအားစုတန်ဖိုးကျပ် ၁၁၀၉၄ ဒသမ ၅၂၁ သန်း ပံ့ပိုးပေးနိုင်ခဲ့ပြီး ငွေကျပ် ၄၀၄၉၅ ဒသမ ၂၃၅ သန်း တန်ဖိုးရှိ ပဲတီစိမ်း ၅၃၁၇၀၃ ဒသမ ၇ တင်းကို ထုတ်လုပ်ရောင်းချနိုင်ခဲ့”**

စာမျက်နှာ ၁၁ သို့ ❖

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁) ရက် ( စနေနေ့ )

International Day of Cooperatives
Cooperatives 4 sustainable development
1 July 2023

International Co-operative Alliance

**"Cooperatives: partners for accelerated sustainable development"**

**"အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး"**

❖ စာမျက်နှာ ၁၀ မှ

တိုင်းဒေသကြီး/ ပြည်နယ်ခုနစ်ခုတို့မှ စုစုပေါင်း စိုက်ပျိုးဧက ၃၆၀၇၆ ဒသမ ၅ ဧကအတွက် မျိုးစပါးနှင့် သွင်းအားစုများ ပံ့ပိုးပေးရန်လိုအပ်ငွေကျပ် ၇၂၁၅ ဒသမ ၃၀ သန်းကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက တာဝန်ယူဆောင်ရွက်ရသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှလည်းကောင်း ခွဲဝေရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးထားကြောင်းနှင့် ကရင်ပြည်နယ်အနေဖြင့် ပြည်နယ်သမဝါယမအသင်းစုချုပ်၏အစီအစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

**မြစိမ်းရောင် (သမဝါယမ) စီမံကိန်းလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ**

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့် မြစိမ်းရောင် (သမဝါယမ) စီမံကိန်း ဆောင်ရွက်ရန် တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသုံးခုတို့မှ မြို့နယ် ၄၆ မြို့နယ်၊ ကျေးရွာ ၁၈၀ ရှိ သမဝါယမအသင်းပေါင်း ၁၈၅ သင်းမှ အသင်းသား ၁၀၆၂၇ ဦးအား အကျိုးပြုနိုင်ရေးအတွက် စိုက်ပျိုးရေးသွင်းအားစု၊ ထွန်ယက်ခစရိတ်များ ထောက်ပံ့ပေးခြင်း၊ သွင်းအားစုပစ္စည်းများပံ့ပိုးပေးခြင်း၊ မွေးမြူရေးလုပ်ငန်း၊ သမဝါယမကန်ထရိုက်လယ်ယာလုပ်ငန်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) လုပ်ငန်း၊ အရောင်းဆိုင်လုပ်ငန်း၊ သဘာဝမြေသြဇာစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဆန်စက်အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းနှင့် ဆီစက်အဆင့်မြှင့်တင် ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စုစုပေါင်း ငွေကျပ် ၉၆၅၂ သန်းကို ပံ့ပိုးဆောင်ရွက်ပေးပြီး လုပ်ငန်းများအောင်မြင်အောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ တိုင်းဒေသကြီး/ ပြည်နယ်လေးခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှစ်ခုတို့မှ မြို့နယ်ရှစ်မြို့နယ်၊ ကျေးရွာ ၇၃ ရွာရှိ သမဝါယမအသင်းပေါင်း ၇၁ သင်းမှ အသင်းသား ၂၅၇၁ ဦးအား အကျိုးပြုနိုင်ရေးအတွက် စိုက်ပျိုးရေးသွင်းအားစု၊ ထွန်ယက်ခစရိတ်များ ထောက်ပံ့ပေးရန် ငွေကျပ် ၁၄၁၉ ဒသမ ၉၀ သန်း၊ မွေးမြူရေးလုပ်ငန်းအတွက် ငွေကျပ် ၇၈၄ ဒသမ၂၀ သန်း၊ သမဝါယမကန်ထရိုက်လယ်ယာလုပ်ငန်းအတွက် ငွေကျပ် ၁၂ ဒသမ ၅၀ သန်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) လုပ်ငန်းအတွက် ငွေကျပ် ၃၀၅ ဒသမ ၂၀ သန်း၊ အရောင်းဆိုင်လုပ်ငန်းအတွက် ငွေကျပ် ၁၁၃ သန်း၊ ဆန်စက်အဆင့်မြှင့်တင်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ငွေကျပ် သန်း ၁၅၀၊ ဆီစက်အဆင့်မြှင့်တင် ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ငွေကျပ် သန်း ၆၀ စုစုပေါင်း ငွေကျပ် ၂၈၄၄ ဒသမ ၈၀ သန်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များထံမှရရှိရေး ညှိနှိုင်းဆောင်ရွက်ပြီး လုပ်ငန်းများ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝန်ဆောင်မှုလုပ်ငန်း**

သမဝါယမအသင်းများတွင် သမဝါယမအသင်းပိုင်ငွေနှင့် အသင်းသားများ၏ အစု၊ စုဆောင်းငွေများဖြင့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကို ခြောက်လတစ်ကြိမ် ထုတ်ချေး၊ ပြန်ဆပ်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် မေလကုန်အထိ စာရင်းများအရ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုမှ မြို့နယ်ပေါင်း ၃၀၇ ခု၊ အသင်းပေါင်း ၂၆၅၇၅ သင်းရှိ အသင်းသား ၁၉၄၉၆၀၅ ဦးအား ငွေကျပ် ၃၄၈ ဒသမ ၄၆၈ ဘီလီယံ ထုတ်ချေးပေးထားပြီး အတိုးနှုန်းမှာ ငွေကျပ် ၁၀၀ လျှင် တစ်လ ၁ ဒသမ ၅၀ ကျပ်နှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်၍ ပြင်ပမှအတိုးကြီးပေးငွေချေးနေရမှုမှ လတ်တလောသက်သာစေပြီး အခြေခံပြည်သူ၊ အသင်းသား တောင်သူများအနေဖြင့် ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စားဝတ်နေရေးတို့တွင် တိုးမြှင့်သုံးစွဲနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများ ရရှိလျက်ရှိသည်။

**ပြည်ပပို့ကုန်လုပ်ငန်း**

သမဝါယမအသင်းများက ပြည်ပပို့ကုန် တင်ပို့ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပို့ကုန်ပစ္စည်းများ ဈေးကွက်ပိုမိုရရှိရန်နှင့် ပို့ကုန်လုပ်ငန်း ဖွံ့ဖြိုးလာစေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးပြည်နယ် နန်နင်းမြို့တွင် နှစ်စဉ်ကျင်းပသည့် ကုန်စည်ပြပွဲများသို့ သမဝါယမအသင်းများမှ မြန်မာ့ရိုးရာ လက်မှုပညာပစ္စည်းများနှင့် ကျောက်မျက်ရတနာပစ္စည်းများ သွားရောက်ပြသနိုင်ခဲ့သည်။ ၂၀၂၂ -၂၀၂၃ ခုနှစ်တွင် တိုင်းဒေသကြီး/ ပြည်နယ်သုံးခုရှိ အသင်းပေါင်းရှစ်သင်းမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၃၅ သန်း တန်ဖိုးရှိ ရေထွက်ပစ္စည်းနှစ်မျိုး၊ ကော်ဖီနှင့် ကုန်ကြမ်းယူကုန်ချောပေး လက်ခစားစနစ် (Contract Manufacturing Process) ဖြင့် ချုပ်လုပ်သည့် အဝတ်အထည်များကို တင်ပို့ထားပြီး တိုင်းဒေသကြီးသုံးခုရှိ Cash Memo အရောင်းဆိုင်များမှ နိုင်ငံတော်ဝင်ငွေ (State Income) ပေးသွင်းနိုင်ခဲ့ကြောင်း သိရသည်။

**လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ခြင်း**

သမဝါယမပညာနှင့် လူမှုစီးပွားရေးပညာ ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်နှစ်ခုနှင့် သမဝါယမကောလိပ်နှစ်ခု ဖွင့်လှစ်ထားကြောင်း၊ ယခင် သမဝါယမသင်တန်းကျောင်း (တောင်ကြီး/ မကွေး/ ပုသိမ်/ မော်လမြိုင်) လေးကျောင်းနှင့် သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း (မန္တလေး)တို့ကို သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများအဖြစ် အဆင့်မြှင့်တင်ပြီး ၁၆-၆-၂၀၂၂ ရက်နေ့တွင် တစ်ပြိုင်တည်းဖွင့်လှစ်ခဲ့ကြောင်း၊ အဆိုပါသင်တန်းကျောင်းများတွင် လက်မှတ်ရစာရင်းရေး၊ စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်းများကို သင်တန်းကာလ နှစ်နှစ်ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၏ ပထမနှစ်သင်တန်းကို သင်တန်းသား ၂၈၆ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်နှစ်ခုမှ စီးပွားရေးပညာဆိုင်ရာဘွဲ့ရရှိသူ၊ သမဝါယမကောလိပ်နှစ်ခုမှ စီးပွားရေးပညာဆိုင်ရာဒီပလိုမာဘွဲ့ရရှိသူ စုစုပေါင်း ၈၀၇၀ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**"သမဝါယမ၏ ဆောင်ရွက်ချက်များသည် ယနေ့နိုင်ငံတော်က ချမှတ်ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးဆိုသည့် စီးပွားရေးဦးတည်ချက်အား အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်းကို သက်သေခံလျက်ရှိ"**

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများထံမှ Loan၊ Grant၊ Aid များ ရယူဆောင်ရွက်လျက်ရှိပြီး အဓိကပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံတကာအဖွဲ့အစည်းများမှာ China EXIM Bank၊ Korea Daedong Industrial Co.,Ltd၊ Shinhan Bank တို့နှင့် နားလည်မှုစာချွန်လွှာ(MoU)များ လက်မှတ်ရေးထိုး၍ အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းနှင့် လယ်ယာသုံးစက်ကိရိယာ ရောင်းချခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မဲခေါင်ဒေသဈေးကွက်စီးပွားရေးကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့နှင့် ပူးပေါင်း၍ အသိပညာ၊ အတတ်ပညာနှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း၊ မဲခေါင်ဒေသတွင်းနိုင်ငံများသို့ လေ့လာရေးခရီးများ စေလွှတ်ခြင်း၊ သမဝါယမကဏ္ဍကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းလုပ်ငန်းများကို စီမံကိန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြု**

ထိုကဲ့သို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမအသင်းများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ပေးနိုင်ခြင်း၊ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ခြင်း၊ လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန် ငွေစုငွေချေးလုပ်ငန်းနှင့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းဆောင်ရွက်သည့် သမဝါယမအသင်းသားများသို့ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ချေးပေးနိုင်ခြင်း၊ သမဝါယမလမ်းကြောင်းမှ ပြည်ပပို့ကုန်အဖြစ် ရေထွက်ပစ္စည်း၊ ကော်ဖီနှင့် အဝတ်အထည်များ တင်ပို့ရောင်းချနိုင်ခြင်း၊ သမဝါယမအသင်းသားများလိုအပ်လျက်ရှိသော ငွေကြေး၊ စက်ပစ္စည်းနှင့် နည်းပညာများကို ပြည်တွင်း/ ပြည်ပရှိ စီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိခြင်း၊ ပို့ကုန်ပစ္စည်းများ ဈေးကွက်ပိုမိုရရှိရန်နှင့် ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်သည့်ပြပွဲများသို့ သမဝါယမအသင်းများက သွားရောက်ပြသနိုင်ခဲ့ခြင်း၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ သမဝါယမကောလိပ်၊ သမဝါယမ စာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းတို့မှ သမဝါယမနှင့် လူမှုစီးပွားရေးပညာ ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိခြင်း စသည့်ဆောင်ရွက်ချက်များသည် သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေသည့် ဆောင်ရွက်ချက်များဖြစ်သည်သာမက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသော ဆောင်ရွက်ချက်များပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် သမဝါယမ၏ ဆောင်ရွက်ချက်များသည် ယနေ့နိုင်ငံတော်က ချမှတ်ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးဆိုသည့် စီးပွားရေးဦးတည်ချက်အား အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းကို သက်သေခံလျက်ရှိသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ပထမပတ် စနေနေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သည့် **"အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး (Cooperatives; partners for accelerated sustainable development)"** ဆိုသည့်အချက်ကို ရှေးရှုလျက် သမဝါယမလောကသားအားလုံးက သမဝါယမလုပ်ငန်းများ အောင်မြင်စေရေးအတွက် အရှိန်အဟုန်မပျက်ဘဲ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြပါစို့ဟု (၁၀၁) **ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့**ကို ဂုဏ်ပြုလျက် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## MSMEs ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထုတ်ကုန်ပြပွဲနှင့် ဆွေးနွေးပွဲကျင်းပ

ဘားအံ ဇွန် ၂၇

ကရင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ MSMEs ထုတ်ကုန်ပြပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။



**ပေးအပ်ချီးမြှင့်**

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး စားသောက်ကုန်ထုတ်လုပ်မှုထူးချွန်ဆု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုထူးချွန်ဆု၊ စိုက်ပျိုးရေးထုတ်ကုန် ထူးချွန်ဆု၊ မွေးမြူရေးထုတ်ကုန်ထူးချွန်ဆု၊ သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု ထူးချွန်ဆု၊ ဝါးလက်မှုပစ္စည်းထုတ်လုပ်မှုထူးချွန်ဆု၊ ဝန်ဆောင်မှုလုပ်ငန်းထူးချွန်ဆု ရရှိသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ခန်းမအတွင်းခင်းကျင်းပြသထားသော စားသောက်ကုန်လုပ်ငန်း၊ ပိုးထည်နှင့် အဝတ်အထည်လုပ်ငန်း၊ အလှကုန်လုပ်ငန်း၊ ကျောက်မျက်နှင့် သတ္တုတွင်းထွက်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ဆီစက်လုပ်ငန်း၊ ဝါးလက်မှုလုပ်ငန်း၊ ဘိလပ်မြေနှင့်အင်္ဂတေလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်လုပ်ငန်းအစရှိသည့် ဒေသတွင်း MSMEs ထုတ်ကုန်ပြခန်း ၃၅ ခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**အပြန်အလှန် ဆွေးနွေး**

ဆက်လက်၍ MSMEs ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ Moderator အဖြစ် ဘားအံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးအေးက ဆောင်ရွက်ပြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ ဒုတိယအထွေထွေမန်နေဂျာနှင့် အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးတို့က ဦးဆောင်ဆွေးနွေးခဲ့ကြပြီး စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■

## ညောင်လေးပင်မြို့နယ်၌ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်



ညောင်လေးပင် ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ညောင်လေးပင်မြို့နယ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းအား ဇွန် ၂၇ ရက်မှ ဇူလိုင် ၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာ ခန်းမ၌ ပဲခူးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ MSMEs ဒေသထုတ်ကုန်စည်ပြပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ဦးဆောင်ဆွေးနွေးခဲ့ပြီး မြို့နယ်များမှ အသေးစားလုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးနှင့် တက်ရောက်လာကြသူများက ဒေသထုတ် ကုန်စည်ပြပွဲ၌ ပြသထားသော ကုန်စည်များအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ပုသိမ်မြို့၌ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

ပုသိမ် ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက် ညနေပိုင်းက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ကမ္ဘာ့အအေးပေးနေ့အထိမ်းအမှတ် အသိပညာပေးဗီဒီယိုပြသမှုကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သနပ်ပင်မြို့နယ်၌ တီရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုး သရုပ်ပြပွဲကျင်းပ

သနပ်ပင် ဇွန် ၂၇

၂၀၂၃ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာစိုက်ပျိုးခြင်း ရက်သတ္တပတ် အစီအစဉ်အရ နေပီယာမြက် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက သနပ်ပင်မြို့နယ် ဖရဲကျေးရွာရှိ တောင်သူ ဦးရဲထွန်း၏ နွားမွေးမြူရေးခြံရှိ မြေတစ်ဧက၌ ကျင်းပသည်။

ထိုသို့စိုက်ပျိုးခြင်း သရုပ်ပြရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးအောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်တာဝန်ရှိသူများနှင့် ပြည်သူများ ပါဝင်စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**သစ်ပင်စိုက်လျှင် တို့ဝန်းကျင်**
**စိမ်းစိုလှပ ကြည်နူးရ၏။**

## ဟင်္သာတမြို့နယ်၌ ဈေးကားများဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေး

ဟင်္သာတ ဇွန် ၂၇

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဥယျာဉ်မြောက်ရပ်ကွက် ဟင်္သာရပ်အဝိုင်းတွင် ဟင်္သာတခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ယနေ့နံနက် ၉ နာရီက အခြေခံစားသောက်ကုန်များနှင့် အသားငါးများကို ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများအား လှည့်လည်ဈေးကားများဖြင့် ဈေးနှုန်းသက်သာစွာရောင်းချပေးခဲ့သည်။



ထိုသို့ရောင်းချရာတွင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၊ ငါးလုပ်ငန်းရှင်များ အသင်း၊ ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊စားသုံးသူရေးရာ ဦးစီးဌာန၊ ဆန်လုပ်ငန်းရှင်များ အသင်းတို့မှ ဆန်၊ ဆီ၊ အမဲသား၊ ဝက်သားနှင့် ငါးတို့ကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်း သက်သာစွာဖြင့် ရောင်းချပေးခဲ့သည်။

အဆိုပါ ရောင်းချပေးမှုအား ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း သန်လျင်ခရိုင်ဖွဲ့စည်းခြင်းနှင့် ရုံးခန်းဖွင့်လှစ်

သန်လျင် ဇွန် ၂၇

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(အမ်အိုင်အေစီ) အသင်းကြီး၏ သန်လျင်ခရိုင်ဖွဲ့စည်းခြင်းနှင့် ရုံးခန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါလမ်းမကြီးဘေး ကျိုက်ခေါက်ဘုရားအနီးရုံးခန်း၌ ဇွန် ၂၆ ရက်နံနက် ၁၀ နာရီတွင်ကျင်းပရာ MIAC ဗဟိုဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းနှင့်(ဗဟို၊ တိုင်း၊ ခရိုင်) အလုပ်အမှုဆောင်များ၊ ဗီယက်နမ်နိုင်ငံ SCLVN ဥက္ကဋ္ဌ Mr. Nguyen, Nam Trung၊ MIAC သန်လျင်ခရိုင်ဥက္ကဋ္ဌ၊ ဒုတိယခရိုင်တရားသူကြီး(ငြိမ်း)ဦးယုအောင်နှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားပြီး (MIAC) ဗဟိုဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းနှင့် Vietnam Aribitrator Mr.Trung တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ MIAC (သန်လျင်ခရိုင်)ဆိုင်းဘုတ်ကိုအောင်သပြေဖြင့် နံ့သာရည်များပက်ဖျန်းကြပြီး သန်လျင်ခရိုင်ဥက္ကဋ္ဌ ဦးယုအောင်က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

မောင်မောင်(လှိုင်စစ်)

# ဗီယက်နမ်နှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်ဟု တရုတ်ဝန်ကြီးချုပ်ပြောကြား

**ပေကျင်း ဇွန် ၂၇**

တရုတ်နိုင်ငံက ဗီယက်နမ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကို မြှင့်တင်မည်ဖြစ်ကြောင်း ယမန်နေ့တွင် ပေကျင်းမြို့၌ ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်းနှင့်တွေ့ဆုံစဉ် တရုတ်ဝန်ကြီးချုပ်လီချန်းက ပြောကြားသည်။

**ကောင်းစွာထိန်းသိမ်း**

ယခုနှစ်သည် တရုတ်-ဗီယက်နမ် ပြီးပြည့်စုံသည့် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု၏ ၁၅ နှစ် ပြည့်မြောက်သည့်နှစ်ဖြစ်ကာ နှစ်နိုင်ငံဆက်ဆံရေးကိုလည်း ကောင်းစွာထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နှင့်အတူ ပိုမိုကြီးမားသော မဟာဗျူဟာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း၏ အရည်အသွေးကို မြှင့်တင်ရန် ဆန္ဒရှိသည်ဟု တရုတ်ဝန်ကြီးချုပ်လီချန်းက ပြောသည်။

ဗီယက်နမ်နိုင်ငံသည် တရုတ် တစ်နိုင်ငံတည်းမူဝါဒကို စွဲကိုင်ထားပြီး ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးရေးပဏာမခြေလှမ်းကို ထောက်ပံ့ပေးကာ မျိုးစုံသောနယ်ပယ်များတွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေရန် ဆန္ဒရှိသည်ဟု ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်းက မှတ်ချက်ပြုသည်။

**လက်မှတ်ရေးထိုး**

ဝန်ကြီးချုပ်များသည် ဆွေးနွေးမှုအပြီးတွင် ရေကြောင်းကဏ္ဍအပါအဝင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဆွေးနွေးမှုများမစတင်မီ ဗီယက်နမ်ဝန်ကြီးချုပ်အား ကြိုဆိုသည့်အခမ်းအနားကို တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမတွင် ကျင်းပခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**





# တောင်ကိုရီးယားနိုင်ငံအား ပို့ကုန်တင်ပို့မှု လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ရေး ဂျပန်အတည်ပြု

**တိုကျို ဇွန် ၂၇**

ဂျပန်အစိုးရသည် ပို့ကုန်တင်ပို့မှု လုပ်ထုံးလုပ်နည်းများကို ခံစားပိုင်ခွင့်ရှိသောနိုင်ငံများ၏ စာရင်းသို့ တောင်ကိုရီးယားကို ပြန်လည် ထည့်သွင်းရေး အတည်ပြုခဲ့သည်။

**ပယ်ဖျက်ခဲ့**

၎င်းဆုံးဖြတ်ချက်ကို ဂျပန်အစိုးရက ယနေ့ ချမှတ်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံအား ပို့ကုန်တင်ပို့မှုကန့်သတ်ခြင်းကို ဂျပန်အစိုးရကဆောင်ရွက်ခဲ့ပြီး ပို့ကုန်တင်ပို့မှုလုပ်ထုံးလုပ်နည်းများကို ခံစားခွင့်ရှိသည့်နိုင်ငံအဖြစ်မှ ပယ်ဖျက်ခဲ့သည်။

ဂျပန်အစိုးရသည် ဧပြီလအတွင်း တောင်ကိုရီးယားနိုင်ငံကို ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ ပြန်လည်ပေးအပ်ရေးအတွက် ဆွေးနွေးပွဲကို ပြန်လည်ကျင်းပခဲ့သည်။ ဂျပန်နှင့်တောင်ကိုရီးယားအကြား ကုန်သွယ်မှုစနစ်ကို ကောင်းစွာအကောင်အထည်ဖော်နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ ဆောင်ရွက်မည်ဖြစ်ကြောင်း ဂျပန်ကုန်သွယ်ရေးဝန်ကြီး နီရှီမူရာရာဆူတိုရှီက ပြောကြားသည်။ ထို့ပြင် ဂျပန်နိုင်ငံသည် နိုင်ငံတကာငြိမ်းချမ်းရေးအတွက် တောင်ကိုရီးယားအပါအဝင် မဟာမိတ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ရောဂါကူးစက်မှု နဝမလှိုင်း စတင်ကူးစက်ဝင်ရောက်နေကြောင်း ကျွမ်းကျင်သူပြောကြား

**တိုကျို ဇွန် ၂၇**

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု နဝမလှိုင်း စတင်ကူးစက်ဝင်ရောက်နေသောကြောင့် ကာကွယ်ဆေးထိုးနှံမှုများနှင့် ရောဂါကာကွယ်ရေးနည်းလမ်းများကို မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဂျပန်အစိုးရ ကိုဗစ်-၁၉ ရောဂါဆိုင်ရာအကြံပေး အိုမီရှီဂါရူက ပြောကြားသည်။ ဂျပန်နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်ဖူမီယိုကီရှီဒါနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီးနောက် ၎င်းက ယခုကဲ့သို့မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများမှ မကြာသေးမီကရရှိခဲ့သည့် အချက်အလက်များအရ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူအရေအတွက်သည် နိုင်ငံအနှံ့ တဖြည်းဖြည်း မြင့်မားလာသည်ကို တွေ့ရှိရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

သက်ကြီးရွယ်အိုများနှင့် နိုင်ငံသားများကို အပြင်းအထန်ဖျားနာခြင်းနှင့် သေဆုံးခြင်းမှကာကွယ်ရမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။ စနစ်တကျဆောင်ရွက်ပါက ဂျပန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသည်သတ်မှတ်ထားသည့် လူမှုအသိုက်အဝန်း အနည်းငယ်တွင်သာ ကူးစက်ခံရပြီး ရောဂါကြောင့် သေဆုံးမှုနှုန်း လျော့နည်းနိုင်သည့် အခြေအနေသို့ ရောက်ရှိနိုင်ကြောင်း ၎င်းက ခန့်မှန်းပြောကြားသည်။

နိုင်ငံအတွင်း မေလက ကိုဗစ်-၁၉ ရောဂါကို ရာသီတုပ်ကွေးအဆင့်သို့ ပြောင်းလဲသတ်မှတ်ခဲ့ပြီးနောက် ရောဂါကူးစက်မှုများမြင့်တက်ခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**



# ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် တရုတ်နိုင်ငံက တွန်းအားပေးဆောင်ရွက်သွားမည်

**တီယန်ဂျင်း ဇွန် ၂၇**

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် တရုတ်နိုင်ငံက ခိုင်မာစွာ တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ်လီချန်းက ယနေ့ပြောကြားသည်။

လူဦးရေ ၁ ဒသမ ၄ ဘီလီယံရှိသည့် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံးနိုင်ငံအဖြစ် ရပ်တည်နေကြောင်း တရုတ်နိုင်ငံ တီယန်ဂျင်းမြို့၌ ကျင်းပသည့် နွေရာသီ ဒါးဗို့စ်ညီလာခံတွင် ၎င်းက မှတ်ချက်ပြုသည်။

တရုတ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုသီအိုရီသစ်အရ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အရွေ့ကို အရှိန်ဖြင့်ဆောင်ရွက်နေပြီး အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

နိုင်ငံအတွင်း ယခုနှစ်၏ ဖွံ့ဖြိုးတိုးတက်မှုလျာထားချက်ကို ငါးရာခိုင်နှုန်းအထိရှိရန် ဆောင်ရွက်နေပြီး ရေရှည်တွင် အဆင့်မြင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

■

# ဂျပန်နိုင်ငံအနှံ့ရှိ မူကြိုကျောင်းကားများတွင် ကာကွယ်ရေးကိရိယာတပ်ဆင်မည်

**တိုကျို ဇွန် ၂၇**

ဂျပန်နိုင်ငံအနှံ့ရှိ မူကြိုကျောင်းများ၌ အသုံးပြုသော ယာဉ်များ၏ ၅၅ ရာခိုင်နှုန်းခန့်တွင် ကလေးများကို ဘတ်စ်ကားအတွင်း ကျန်ရစ်ခြင်းမှ တားဆီးသော ကိရိယာများ တပ်ဆင်မည်ဖြစ်ကြောင်း အစိုးရစစ်တမ်းတစ်ခုက ယနေ့ပြောကြားသည်။

အဆိုပါ ကိရိယာများကို ယာဉ်များ၏ ၁၆ ရာခိုင်နှုန်းသာလျှင် တပ်ဆင်ခဲ့သည်ဟု မေလအတွင်းထုတ်ပြန်သည့် စစ်တမ်းအရသိရသည်။

နွေရာသီ၌ အပူဒဏ်ကြောင့် မူကြိုကျောင်းကားတွင် ကျန်ရစ်ခဲ့သည့် သုံးနှစ်အရွယ်ကလေးတစ်ဦးသေဆုံးခဲ့သဖြင့် မူကြိုကျောင်းကားများတွင် ၎င်းကိရိယာများ မဖြစ်မနေတပ်ဆင်ရန်လိုအပ်ကြောင်း တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်များနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇွန် ၂၇

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ အမှတ်(၇) ချီပါစုရပ်ကွက်၌ ပိုင်ရှင်မဲ့ တရားမဝင်သစ်မျိုးစုံ ၅ ဒသမ ၉၁၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၇၂၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထပ်မံ၍ ဇွန် ၂၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကျွန်းစုမြို့နယ် ကတန်ဘီနယ် ကယားကျွန်း အနောက်မြောက်ဘက်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်သစ် ၈ ဒသမ ၅၇၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၅၉၂၀) ကိုလည်းကောင်း၊ အလျား ၄၆ ပေ၊ အနံ ၁၃ ပေ ၉ လက်မ၊ ဇောက် ခြောက်ပေရှိစက်လှေ တစ်စင်းနှင့် ဆက်စပ်ပစ္စည်း တန်ဖိုးငွေကျပ် ၁၃၅၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၅၉၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၂၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Empty Plastic Drum အခု ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို လည်းကောင်း၊ Paiqiu အားကစားဖိနပ် အရန် ၄၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၅ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆိပ်ဖြူမြို့နယ် အနော်ရထာတံတားစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးနှင့် သုံးဘီးယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် နွားထီးခြောက်ကောင်နှင့် နွားမနှစ်ကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၅၀၀၀၀)၊ အဆိုပါနွားများ တင်ဆောင်လာသည့် DONG FANG သုံးဘီးယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် Isuzu ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀)၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀)တို့ကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရလည်းကောင်း၊ မင်းတုန်းမြို့နယ် မင်းတုန်း-မြောက်ပြင် ဆက်သွယ်ရေးလမ်းအနီး၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၀၂၂ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၃၃၄၆၅၂ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၂၃၆၃၄၆၅၂ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဇွန် ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၆၂ ဒသမ ၁၅၄ တန်၊ သစ်မာ ၅၄ ဒသမ ၉၀၁ တန်နှင့် အခြားသစ် ၉ ဒသမ ၀၅၅၂ တန် (ခန့်မှန်းတန်ဖိုးငွေ၄၄၂၂၇၄၀၄ကျပ် )ကိုသိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Essence Washing Liquid ၅၂၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၈၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၂၅၈၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၂၆၀၈၃၉၉၆ ကျပ်)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက်မှ ၂၅ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၈ ဒသမ ၂၀၁၀ တန်၊ သစ်မာ ၂၇ ဒသမ ၇၆၆၂ တန်၊ အခြား ၄၄ ဒသမ ၆၃၁၈ တန် စုစုပေါင်း ၉၀ ဒသမ ၅၉၉၀ တန်၊ ယာဉ်နှင့်ယန္တရား ခုနစ်စီး၊ တရားခံ ၁၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မေတ္တာ(ဂ)ရပ်ကွက်နေ ချစ်ရတီ(ခ) နန်းနှင်းဂျူလိုင်သည် ၎င်းအသုံးပြုသည့် “Chit Yati” Facebook အကောင့်၊ တောင်တွင်းကြီးမြို့နယ် ရွှေကြာအင်း(၂)ရပ်ကွက်နေ စိုးမင်းထက်(ခ) စိုးကြီးသည် ၎င်းအသုံးပြုသည့် “Soe Gyi” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅)ရပ်ကွက်နေ အောင်ကိုကိုသက်(ခ)အောင်ကိုသက်သည် ၎င်းအသုံးပြုသည့် “Aung Ko Thet” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသမီးတစ်ဦးကို ပြည့်တန်ဆာအဖြစ် အခမ့်ခိုင်းစေပြီး လုပ်အားခခေါင်းပုံဖြတ် ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၂၇

အမျိုးသမီးတစ်ဦးကို ပြည့်တန်ဆာအဖြစ် အခမ့်ခိုင်းစေပြီး လုပ်အားခခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ စွမ်းရည်မိုးနှင့် မရန်နိုင်(ခ) ရင်ရင်နိုင်တို့က တစ်မြို့နယ်တည်းနေ မ ---၊(၁၅)နှစ်ကို လားရှိုးမြို့ရှိ KTV ဆိုင်တွင် တစ်လလျှင် ငွေကျပ် ၃၀၀၀၀၀ ခန့်ဖြင့် သန့်ရှင်းရေးအလုပ်လုပ်ကိုင်ရမည်ဟု စည်းရုံးပြောဆို၍ ပြည့်တန်ဆာအိမ်သို့ ပို့ဆောင်ပြီး အခမ့်ပြည့်တန်ဆာ အလုပ်ခိုင်းစေကာ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဒလမြို့မရဲစခန်းက (ပ)၂၀/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်၍ တွံတေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၆ ရက်တွင် တရားခံ စွမ်းရည်မိုးနှင့် မရန်နိုင်(ခ) ရင်ရင်နိုင်တို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲပြုလုပ်



နေပြည်တော် ဇွန် ၂၇

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း (အမျိုးသား/ အမျိုးသမီး) သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းကို သေနတ်ဖြင့်ပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ရှစ်သင်းနှင့် အမျိုးသမီးအသင်း ရှစ်သင်းတို့ဖြင့် ဇူလိုင် ၄ ရက်ထိ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## သထုံမြို့နယ်၌ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်းဖွင့်ပွဲ ကျင်းပ

သထုံ ဇွန် ၂၇

မွန်ပြည်နယ် သထုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယ ပြည်နယ်မှူး ဦးတင်နိုင်ဝင်းက အမှာစကားပြောကြားပြီး သင်တန်း နည်းပြများက ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေး ဆိုင်ရာ သိကောင်းစရာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေး သည်။

အဆိုပါအခမ်းအနားသို့ မော်လမြိုင်၊ သထုံနှင့် ကျိုက်ထိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့မှ ဦးစီးမှူးများနှင့် မြို့နယ်ဦးစီးမှူးများ၊ ငါးလုပ်ငန်းစခန်းတာဝန်ခံများ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တီးတိန်မြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



တီးတိန် ဇွန် ၂၇

ချင်းပြည်နယ် တီးတိန်မြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စံကိုက်ကျောင်းဆောင်၌ ပြုလုပ်သည်။

ဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ Grade-11 ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးများကို ဝေးဝေးကနေ ရှောင်ကြဉ်ကြပါ သီချင်းဖြင့် သီဆိုပြီး တီးတိန်ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ(ခရိုင်ရဲတပ်ဖွဲ့မှူး) ဒုတိယရဲမှူးကိုကိုဦးက မူးယစ် ဆေးဝါးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများမှ ပြည်နယ်နှင့်ခရိုင်အဆင့် ဆုရရှိ သူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

တက်ရောက်ကြသူများအား မူးယစ်ဆေးဝါး နှိမ်နင်းရေးရဲတပ်ဖွဲ့မှထုတ်ဝေသော မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## လှည်းကူးမြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ



လှည်းကူး ဇွန် ၂၇

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်း လုပ်ငန်းများကို မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းမှ စတင်၍ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်အတွင်း ဦးတည်အုပ်စုအလိုက် အမည်စာရင်းရယူထားသော နိုင်ငံ့ဝန်ထမ်းနှင့် မိသားစုဝင်များ အသက် ၁၈ နှစ်နှင့် အထက် နိုင်ငံသားတို့၏ ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူ၍ ဂဏန်း ၁၀ လုံး ပါဝင်သည့် Unique ID နံပါတ် သတ်မှတ်၍ မှတ်ပုံတင်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်းကို ဇွန် ၂၆ ရက် နံနက်ပိုင်းမှစ၍ နေ့စဉ် စနေ၊ တနင်္ဂနွေနှင့် အခြားရုံးပိတ်ရက်မပါ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သတ်မှတ်စုရပ်နေရာတွင် ဆောင်ရွက်ပေးလျက်ရှိပြီး လာရောက် ဆောင်ရွက်သူများ အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများယူဆောင်လာရမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## သံဖြူဇရပ်မြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

သံဖြူဇရပ် ဇွန် ၂၇

မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ်၌ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် သမဝါယမအသင်းစုလီမိတက်မှ အမှုဆောင်အဖွဲ့ဝင်များ ပူးပေါင်း၍ (၁၀၁) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကြာကန်ရပ်ကွက်ရှိ မြို့နယ်သမဝါယမအသင်းစုပိုင်ခြံဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးအောင်နှင့် ဝန်ထမ်းများ၊ သမဝါယမ အသင်းစုလီမိတက်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစံသောင်းနှင့် အဖွဲ့ဝင်များက အရိပ်ရမဟော်ဂနီပျိုးပင်ပေါင်း ၁၅၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဇလွန်မြို့နယ်၌ အစ္စရေးမြက်ချို တိရစ္ဆာန်အစာပင် စိုက်ပျိုး



ဇလွန် ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ်အဖြစ် တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းကို ဇွန် ၂၅ ရက်က ညောင်ပင်ဈေးရပ်ကွက် သံလွင်ကွင်းရှိ မွေးမြူရေးလုပ်ကိုင်သူ ဦးအောင်ဇေယျ၏ အစ္စရေးမြက်ချို စိုက်ခင်းတွင် ပြုလုပ်သည်။

တိရစ္ဆာန်အစာပင် အစ္စရေးမြက်ချိုအား ဇလွန်မြို့နယ် မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ လေးမွန်ကြည်နှင့် ဝန်ထမ်းများက စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ မိုးရာသီတိရစ္ဆာန်အစာပင် ရက်သတ္တပတ် စိုက်ပျိုးခြင်းကို ဇွန် ၂၇ ရက်နံနက်က အမှတ်(၁)ရပ်ကွက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းမြေအတွင်း(ကေဝက်)၌ ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်လွင်စိုးက အကျိုးဖြစ်ထွန်းမှုများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ တိရစ္ဆာန်အစာပင်များ စိုက်ပျိုးစဉ်။ (မြို့နယ်ပြန်/ဆက်)

## ၂၀၂၃ ခုနှစ် မိုးလယ်ကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**၂၀၂၃ ခုနှစ် မိုးလယ်ကာလ သတ်မှတ်ခြင်း**

၂၀၂၃ ခုနှစ် မိုးလယ်ကာလသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ ရက် (မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ပထမဝါဆိုလဆန်း ၁၄ ရက်မှ ဝါခေါင်လပြည့်နေ့)အထိ ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဆိပ်သာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့တွင် တစ်ကြိမ်ခန့်နှင့် ဘားအံမြို့တွင် နှစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်၊ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် တစ်ကြိမ်ခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန် ရောက်ရှိနိုင်သည်။

**မိုးလေဝသနှင့်**
**ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## ၂၀၂၃ ခုနှစ် ဇူလိုင်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၃ ရက်မှ ၂၉ ရက်ခန့်၊ နေပြည်တော်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၂ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၉ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်၊ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် တစ်ကြိမ်ခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## မိုးညိုမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

မိုးညို ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ဇွန် ၂၁ ရက်မှစ၍ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုးနှင့် ကျန်းမာရေးဝန်ထမ်းများက အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၏ ဝိုင်းဝန်းကူညီမှုဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ထိုးနှံရာတွင်ယမန်နေ့ထိ စတုတ္ထအကြိမ်အဖြစ် ၁၇၉၄ ဦး၊ ပထမအကြိမ်အဖြစ် ၁၆၀၂ ဦး စုစုပေါင်း ၃၃၉၆ ဦးအား ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၁၀ | ၂၀၃၅ | ၂၀၂၀ | ၁၉၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၀၀၀ | ၂၀၁၀ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၈၀ | ၂၈၂၀ |
| 95 Ron | ၂၀၅၅ | ၂၁၀၅ | ၂၁၀၅ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၅ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၇၅ | ၂၉၂၀ |
| HSD (500 ppm) | ၁၉၆၀ | ၂၀၁၀ | ၂၀၀၅ | ၁၉၆၅ | ၂၀၀၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၀၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၄၅ | ၂၂၇၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၀၄၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၄၅ | ၂၀၈၅ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၉၀ | ၂၁၈၅ | ၂၀၈၀ | ၂၀၉၀ | ၂၁၂၅ | ၂၁၂၅ | ၂၁၂၅ | ၂၃၅၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၀၄၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၄၅ | ၂၀၈၅ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၉၀ | ၂၁၈၅ | ၂၀၈၀ | ၂၀၉၀ | ၂၁၂၅ | ၂၁၂၅ | ၂၁၂၅ | ၂၃၅၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၁ | ၁၉၃၁ |
| 95 Ron | ၁၉၅၁ | ၂၀၂၄ |
| HSD (500 ppm) | ၁၈၆၁ | ၁၉၂၈ |
| HSD (50 ppm) | ၁၉၃၅ | ၂၀၀၃ |
| HSD (10 ppm) | ၁၉၃၅ | ၂၀၀၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

### ဓာတ်ခွဲနမူနာစုစုပေါင်း ၆၆၄၇ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၆-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၇-၆-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၄၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၁၀,၈၃၈,၁၁၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၃၄၆)ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၂၇၂) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၁၉-၆-၂၀၂၃ ရက်မှအဆက်**

တစ်ချိန်က ကိုအေးဆွေအား သူ့သမီးကြည်ကြည်မြနှင့်ပေးစား၍ တက္ကသိုလ်ကျောင်းသို့ပို့ချင်သော ပွဲစားကြီးတစ်ပိုင်း၊ ထန်းပိုင်ရှင်ကြီးတစ်ပိုင်း ဦးမြို့ကဆိုလျှင်လည်း သူ့ထန်းသမား ဆယ်ရင်အား ခေါ်ကာ ကြိမ်းဝါးနေသေးသည်။

“ဘာလဲကွ ဆယ်ရင်ရ၊ အေးဆွေဆိုတဲ့အကောင်က ပညာလေး မတောက်တခေါက်တတ်တာနဲ့ ကွန်မြူနစ်လုပ်ပြီး တို့ထန်းတောတွေကို ပြည်သူပိုင်သိမ်းဖို့ အစိုးရဆီမှာ တောင်းဆိုတယ်ဆို။ လူပါးဝလို့ကွ။ ပြီးတော့ ထန်းလျက်လှည့်ကိုလည်း ငါးစုတစ်စုပေးဖို့ သူက မင်းတို့ထန်းသမားအစည်းအဝေးမှာ အဆိုတင် ဆုံးဖြတ်တယ်ဆိုပါကလား။ ဘာရမလဲကွ။ အဲဒါပဲ ဆယ်ရင်၊ မင်းကော တို့ကို သူတို့ဆုံးဖြတ်တဲ့အတိုင်း ပေးမလို့လား။ အဲဒီလိုဆိုရင်တော့ စောစောကပဲ တို့ထန်းကို မတက်တာကောင်းတယ်။ ဒီထန်းက ထန်းလျက်မရလို့ ငတ်မသေနိုင်ပါဘူးကွ။ ထန်းပျက်ချင် ပျက်ပါစေ၊ ခုတိုင်းထားမယ်၊ ဒါပဲဟေ့ ဆယ်ရင်။ သုံးစု တစ်စုသာ ပေးမယ်ဆိုရင် တက်၊ သို့မဟုတ်ရင်တော့ မတက်နဲ့။ ဒါပဲ”

ဤအကြောင်းကို ဆယ်ရင်သည် ပြန်ရောက်လျှင်ရောက်ချင်း ကိုအေးဆွေအား ပြောပြခဲ့လေသည်။

ကိုအေးဆွေတို့ ဘုံထန်းတော အဖွဲ့ကလည်း ထန်းပိုင်ရှင်များက မည်မျှပင် ကန့်ကွက်နေသော်လည်း အလျှော့မပေးချေ။ ၎င်းတို့အဖွဲ့က ဆုံးဖြတ်ထားသည့်အတိုင်း ငါးစုတစ်စုသာ ပေးသည်။ ဤတွင် ထန်းပိုင်ရှင်များသည် အပြက်အပြက်နှင့် နှာခေါင်းသွေးထွက်လာသည်ဟု သိလာကြသောအခါ မခံမရပ်နိုင်ဘဲ အုံကြွလာသည်။

အချို့ရွာများမှ ထန်းသမားများမှာမူ ထန်းသမားညီလာခံကြီးက ငါးစုတစ်စုသာပေးရန် ဆုံးဖြတ်ချက်ချလိုက်သည်ကို သိကြသော်လည်း ၎င်းအတိုင်း မလိုက်နာကြချေ။ ကိုအေးဆွေတို့မှာ အဖွဲ့အစည်းနှင့် ဘုံထန်းတောဖြစ်သဖြင့် ရဲရဲဝံ့ဝံ့ ပြုလုပ်ခဲ့သော်လည်း ၎င်းတို့မှာမူ တစ်ဦးချင်း တစ်ယောက်ချင်းသာဖြစ်သဖြင့် သုံးစု တစ်စုသာပေးကြရသည်။ သီးစားခထန်းစုကြောင့် အကျယ်အကျယ် မငြိမ်းဖွယ်ကိစ္စကို ရင်မဆိုင်ဝံ့ကြချေ။

ထို့ကြောင့်လည်း ငါးစုတစ်စုစနစ်ဖြင့်ပေးသော ကိုအေးဆွေတို့ ဘုံထန်းတောအဖွဲ့အား ဘုံထန်းတောပိုင် ပြုလုပ်ခြင်းခံရသည့် ထန်းပိုင်ရှင်တို့က ဆတ်ဆတ်ခါအောင် နာကြည်းအုံကြွလာသည်။ သို့ဖြင့် ၎င်းတို့သည် ကိုအေးဆွေတို့ ထန်းသမားများအား စာတစ်တန် ပေတစ်တန် ကမ်းလှမ်း၍လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍လည်းကောင်း ကန့်ကွက်ပြောဆိုလာသည်။ ခြိမ်းခြောက်လာကြသည်။ အချို့ထန်းပိုင်ရှင်များကမူ ထန်းပင်များကို ခုတ်လှဲရောင်းချပစ်ရန် သစ်ခုတ်သမားများနှင့်အတူ ရောက်လာကြသည်။ ဤသည်ကို ကိုအေးဆွေတို့က တားဆီး ကန့်ကွက်လွှတ်လိုက်ကြသည်။

ဤသို့ဖြင့် ကိုအေးဆွေတို့နှင့် ထန်းပိုင်ရှင်တို့၏ ပဋိပက္ခမှာ တဖြည်းဖြည်းနှင့် ပိုမိုပြင်းထန်လာလေသည်။ နောက်ဆုံးတွင် ထန်းပိုင်ရှင်တို့က သူတို့ထန်းများကို မတက်တော့ရန် ထန်းလှည့်ဘက်များအဖြစ်မှ ရုပ်သိမ်းကြောင်း ကြေညာအကြောင်းကြားလာကြတော့သည်။

[ ၂၄ ]

လက်ပံပွင့်များလည်း တဖုတ်ဖုတ် ကြွေ၍ကျလေပြီ။ ဆက်ရက်တို့လည်း ကျွက်ကျွက်ညံအောင် ဆူကြပြီ။

ထန်းဖိုရည်တို့လည်း လှိုင်လှိုင်ကျခဲ့ပြီ။

“ကဲ ဒီကိစ္စကို ဘယ်လိုလုပ်ကြမလဲ”

တိတ်ဆိတ်နေခြင်းကို ဦးထွန်းဖေက စတင်ဖြိုခွင်းလိုက်သည်။ အရေးပေါ်အစည်းအဝေးသို့ တက်ရောက်လာကြသော အားလုံးလူများ၏ မျက်နှာများက ကိုအေးဆွေအား တစ်ပြိုင်တည်းလိုလို ကြည့်လိုက်ကြသည်။ သူတို့၏မျက်နှာများတွင် မခံချင်ခြင်း၊ ဒေါသဖြစ်ခြင်း၊ စိတ်လှုပ်ရှားခြင်းတို့က ဖော်ပြနေသည်။

“ဒါဟာ ကျွန်တော်တို့လုပ်ငန်းကို သက်သက်နှောင့်ယှက်တယ်လို့ ထင်တာပဲဗျ”

ဆယ်ရင်၏အသံက မာကျောစွာ ထွက်လာသည်။ မဟုတ်မခံချင်သည့်စိတ်တွင် စိတ်လိုက်မာန်ပါ ပြုလုပ်လိုသည့်အမူအရာကပါ ရောပြွမ်းနေသည်။ ဦးဖိုးခ၊ ဦးစံကျော် စသောလူကြီးများကမူ လူကြီးများပီပီ ၎င်းတို့၏ လှုပ်ရှားနေသောစိတ်များကို ချုပ်တည်းထားကြသည်။

ကိုအေးဆွေမှာလည်း အတော်ပင် မခံမရပ်နိုင်အောင် ဒေါသထနေသည်။ သို့တစေ စိတ်တွင်း၌ လှုပ်ရှားနေမှုကိုမူ အမူအရာဖြင့်ပင် အပြင်သို့ ထုတ်ဖော်မပြပေ။ အေးဆေးတည်ငြိမ်သော အသွင်ဖြင့်သာ လေးလေးနက်နက် စဉ်းစားနေသည်။ အမှန်တော့လည်း ဤထန်းသမားလူစုထဲတွင် ကိုအေးဆွေမှာ အသက်အငယ်ဆုံးဖြစ်၏။ သို့ရာတွင် တာဝန်မှာ အကြီးဆုံးနေရာမှ ယူထားရသလို ဖြစ်နေ၏။ လုပ်ငန်းအဖွဲ့၏ ခေါင်းဆောင်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများပင် ရှိနေသော်လည်း အမှန်မှာ ကိုအေးဆွေကသာ ဘုံထန်းတောလုပ်ငန်းကြီးတစ်ခုလုံးကို အတွင်းရေးမှူးပင် ဖြစ်စေကာမူ သူကပင် တာဝန်ခံခေါင်းဆောင်နေရခြင်း ဖြစ်သည်မဟုတ်ပါလား။

ယင်းကဲ့သို့ ထန်းသမားနှင့် ထန်းပိုင်ရှင် လူတန်းစားနှစ်ရပ်တို့၏ တိုက်ပွဲကြားတွင် ကိုအေးဆွေနှင့် ခင်သန်းငွေတို့၏ ဆက်သွယ်မှုမှာလည်း တဖြည်းဖြည်းနှင့် တင်းမာလာသည်။ တနုံ့နုံ့နှင့် တွေးမိတိုင်း ကိုအေးဆွေသည် ခင်သန်းငွေ၏ ငြိုငြင်မှုကို မခံရဲအောင် ဖြစ်နေသည်။ နောက်ဆုံး ဒေါသူပုန်ထနေသော ခင်သန်းငွေသည်ပင် ပြီးခဲ့သောရက်ပိုင်းလောက်က ကိုအေးဆွေထံသို့ လူကိုယ်တိုင် ရောက်လာတော့၏။

“ဘယ်လိုလဲ ကိုအေးဆွေ။ အစကတော့ ကိုအေးဆွေတို့ဟာ စုပေါင်းလုပ်ငန်းသက်သက်မို့၊ အကျိုးလည်းရှိတာမို့၊ နောက်ပြီး ဒီနေ့ အစိုးရဝါဒလမ်းစဉ်နဲ့လည်း ကိုက်ညီနေတာမို့ ငွေအနေနဲ့ အားလည်းပေးပါတယ်၊ တိုက်လည်း တိုက်တွန်းပါတယ်ဆိုတာ ကိုအေးဆွေ အသိဆုံး။ ခုတော့ ကိုအေးဆွေတို့ဟာက ရိုးရိုးသားသားလုပ်ချင်တာမှ မဟုတ်တော့ပဲဟာ။ ဖြတ်လမ်းကနေပြီး အတင်းကြီးပွားအောင် လုပ်နေတာပေါ့။ ဒါတော့ နည်းနည်းမှမတရားဘူးလို့ ထင်တယ်” ဟု ခင်သန်းငွေက ခပ်ဆတ်ဆတ်ဆိုလာချေသည်။

“ဒါတော့ ငွေငွေရယ်၊ ငွေငွေတို့ကို နာစေ၊ ကျွန်တော်တို့ကို သာစေ၊ ရစေဆိုတဲ့ သဘောနဲ့ လုပ်တာမဟုတ်ပါဘူး။ မူအရ ခေတ်ပြောင်းတော်လှန်ရေးအရ လုပ်ရတာပါ”

“အို ကိုအေးဆွေရယ်၊ ဒါကိုတော့ ပြောစရာမလိုသေးဘူးလို့ ထင်ပါတယ်။ တစ်နိုင်ငံလုံး အများနဲ့ချီပြီးဖြစ်နေရင် ငွေတို့ ဘာမှပြောစရာမလိုပါဘူး။ ခုတော့ အစိုးရကလည်း ဒီလိုဒီလို ပေးရမယ်လို့ သတ်မှတ်ပေးထားတာလည်း မဟုတ်ဘဲနဲ့ ကိုအေးဆွေတို့က သူတစ်ပါးပစ္စည်းကို မတော်မတရား လောဘကြီးပြီး လိုချင်တာပါ။ ငွေတို့က ငွေတို့ ထန်းပင်တွေကိုတက်တဲ့အတွက် တက်ခလုပ်အားကို တန်ရာတန်ဖိုး ပေးထားတာပါ။ တစ်ခါ ပြီးတော့ ကိုအေးဆွေတို့ဟာ ထန်းပင်တွေကို အစိုးရက ပြည်သူပိုင်သိမ်းပြီး ထန်းသမားတွေကို ဝေပေးပါတဲ့။ ဒါကော တရားသလားဟင်။ ဘိုးဘွားလက်ထက်ကတိုင် ကိုယ့်ဟာကိုယ်စိုက်ထားတဲ့ အပင်တွေကိုး။ ကဲ ဒါတွေထားပါတော့လေ”

ဒေါဟန်ပါပါလေးဖြင့် ရန်တွေ့နေသော ခင်သန်းငွေ၏မျက်နှာကလေးသည် ချက်ချင်းဆိုသလိုပင် ချိုသာသလိုလို ဖြစ်လာသည်။

“ပြီးခဲ့တာတွေ ပြီးခဲ့ပါစေတော့ ကိုအေးဆွေ၊ ရှေ့ကိုသာ တစ်ဦးနဲ့တစ်ဦး ပြေပြေလည်လည် ဖြစ်စေချင်တယ်။ နှစ်ပေါင်းများစွာ မိဘဘိုးဘွားများလက်ထက်ကတိုင် ဆက်ဆံလာခဲ့တဲ့သူအချင်းချင်းတွေ အမုန်းမပွားရအောင်ပေါ့။ တကယ်လို့ တစ်ဦးနဲ့တစ်ဦး တင်းခံနေကြမယ်ဆိုရင် အားလုံး အရုပ်ဆိုးစရာတွေ ဖြစ်လာပါလိမ့်မယ်”

ကိုအေးဆွေမှာ ခင်သန်းငွေ၏ ခြောက်လှန့်ဟန်ပါသောလေသံကြောင့် စိတ်ထဲတွင် နင့်ခနဲဖြစ်သွားသည်။ သို့သော် စိတ်ကို ထိန်းထားသည်။

“ဘယ်လိုလဲ ငွေငွေ၊ စိတ်လည်း မရှိနဲ့နော်။ ခု ငွေငွေလာတာက ထန်းပိုင်ရှင်တွေက စေ့စပ်ရေးအတွက် လွှတ်လိုက်တဲ့ ကိုယ်စားလှယ်လား”

“အို မဟုတ်ဘူးကိုအေးဆွေ၊ ငွေအနေနဲ့က မနေသာလို့ပါ။ တစ်ဖက်က မိဘနဲ့ဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေတွေ။ ဒီဘက်ကြည့်တော့လည်း ငွေရဲ့သူငယ်ချင်း ကိုအေးဆွေတို့ ဖြစ်နေတော့ ကိုအေးဆွေအနေနဲ့ တိုက်ရိုက်သက်ဆိုင်နေလို့ ငွေက မနေသာလို့ ကိုယ့်သဘောနဲ့ကိုယ် လာခဲ့တာပါ။ ကဲပါလေ၊ ကိုအေးဆွေတို့အချင်းချင်း တိုင်ပင်ကြပြီး အကြောင်းပြန်ပေါ့။ ငွေ ဖေဖေတို့ကို စကား စထားပါ့မယ်”

ဦးစံကျော်၏ ချောင်းဟန့်သံ ပေါ်လာသည်။

“ကိုင်း မောင်အေးဆွေ၊ ဒီပြဿနာကိုတော့ ဒီအစည်းအဝေးပွဲမှာပဲ တစ်ခါတည်းပြီးပြတ်သွားအောင် ဆုံးဖြတ်ချက်ချရမှာပဲ။ နို့မဟုတ်ရင် အားလုံး စိတ်ဓာတ်ကျကုန်လိမ့်မယ်”

ဒီတော့မှ ခင်သန်းငွေ လာပြောသွားသည်များကို နက်နက်နဲနဲ စဉ်းစားနေမိသော ကိုအေးဆွေမှာ ဦးစံကျော်၏ ပြောလိုက်သံကြောင့် သတိပြန်ဝင်လာသည်။

အစည်းအဝေးပြုလုပ်နေသော တဲခန်းမကြီး၏ အပြင်ဘက်တွင်မူ လေရူးက တဟူးဟူးတိုက်ခတ်နေသည်။ ထန်းပင်ထက်ရှိ ထန်းရွက်ဖျားကလေးများသည် တောင်လေရူးကြောင့် တဖျပ်ဖျပ် မြည်နေသည်။ အရေးပေါ်အစည်းအဝေး တက်လာကြသော ထန်းသမားများက ကိုအေးဆွေပြောမည့်စကားကို အာရုံစိုက်နေကြသည်။

ယခုမှ ကိုအေးဆွေမှာ ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ်ဆိုသလို ဖြစ်နေသည်။ တစ်ဖက်မှာ မိမိချစ်မြတ်နိုးသော ခင်သန်းငွေ၏ မိဘနှင့် အသိုင်းအဝိုင်း ထန်းပိုင်ရှင်များ။ ဤမှာဘက်တွင်မူ မိမိနှင့်ဘဝတူ ဆင်းရဲသား ထန်းသမားများ။ ယခုတော့ မည်သို့ပင်ဖြစ်စေ၊ မိမိမှာ ခေါင်းဆောင်တစ်ယောက်လို ဖြစ်နေသည်မို့ အဖြူအမည်း ကွဲပြားအောင် ခွဲပေးရပေတော့မည်။ ခင်သန်းငွေအား ငဲ့၍ နောက်ဆုတ်ပေးရမည်လား၊ မိမိဘဝတူများအား အားပေးကာ ရှေ့တိုးရမည်လား။ သည်အချိန်မှ မပြတ်သားလျှင် မိမိအဖို့ ခေါင်းဆောင်နေရာနှင့် မတန်တော့။

“ဟုတ်ပါတယ်၊ ကျွန်တော်တို့ဟာ ဒီပြဿနာကို ဒီအစည်းအဝေးမှာပဲ အပြီးအပြတ် ဆုံးဖြတ်ရမှာပဲ။ ပြီးတော့ ....”

ကိုအေးဆွေသည် ဦးစံကျော်အား ပြောလိုက်ရင်းက အခြားထန်းသမားအားလုံးကိုလည်း လှည့်ပတ်ကြည့်လိုက်၏။

**ဆက်လက်ဖော်ပြပါမည်။**

**“ယခုမှ ကိုအေးဆွေမှာ ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ်ဆိုသလို ဖြစ်နေသည်။ တစ်ဖက်မှာ မိမိချစ်မြတ်နိုးသော ခင်သန်းငွေ၏ မိဘနှင့် အသိုင်းအဝိုင်း ထန်းပိုင်ရှင်များ။ ဤမှာဘက်တွင်မူ မိမိနှင့်ဘဝတူ ဆင်းရဲသား ထန်းသမားများ။ ယခုတော့ မည်သို့ပင်ဖြစ်စေ၊ မိမိမှာ ခေါင်းဆောင်တစ်ယောက်လို ဖြစ်နေသည်မို့ အဖြူအမည်း ကွဲပြားအောင် ခွဲပေးရပေတော့မည်။ ခင်သန်းငွေအား ငဲ့၍ နောက်ဆုတ်ပေးရမည်လား၊ မိမိဘဝတူများအား အားပေးကာ ရှေ့တိုးရမည်လား။ သည်အချိန်မှ မပြတ်သားလျှင် မိမိအဖို့ ခေါင်းဆောင်နေရာနှင့် . . .”**

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**စဉ့်ကူး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲကို ယမန်နေ့က စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် စဉ့်ကူးမြို့နယ် ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြန်က အဖွင့်အမှာစကားပြောကြားပြီး စဉ့်ကူးမြို့မရဲစခန်းမှ စခန်းမှူးဒုတိယရဲမှူး မောင်မောင်စိန်က မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအကြောင်း၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါး သုံးစွဲသူများ၏ လက္ခဏာများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် လက်ဝယ်ကိုင်ဆောင်မှုကြောင့် ချမှတ်နိုင်သည့် ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးအလွဲသုံးမှု လျော့နည်းပပျောက်ရေးအတွက် ပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးကြောင့် မိမိအပါအဝင် မိသားစုနှင့် လူမှုအဖွဲ့အစည်းများအပေါ် ဆိုးကျိုးသက်ရောက်မှုများ စသည့် မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများ သိရှိလိုက်နာသင့်သည့် အချက်များကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)




# ညောင်လေးပင်မြို့နယ်၌ စားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ညောင်လေးပင် ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ညောင်လေးပင်မြို့နယ်အတွင်းရှိ ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန် ရည်ရွယ်၍ ညောင်လေးပင်မြို့ အတွင်းရှိ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများက သက်သာသောနှုန်းထားများဖြင့် ဟင်းသီးဟင်းရွက်နှင့် အသားငါးများ ရောင်းချပေးခြင်းကို ဇွန် ၂၁ ရက်မှ စတင်ကာ ယနေ့ထိ ခုနစ်ရက်ကြာရောင်းချပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ရောင်းချရာတွင် ဆန်တစ်ပြည်လျှင် ကျပ် ၂၆၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၅၈၀၀၊ ငါးတန် တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ ငါးမုတ် တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ အာလူး တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ ပန်းဂေါ်ဖီ တစ်ပွင့်လျှင် ကျပ် ၁၂၀၀၊ ဆိတ်သား တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၁၁၀၀၀၊ ဝက်သား တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၊ ကြက်ဥ တစ်လုံးလျှင် ကျပ် ၂၄၀ တို့ဖြင့် ရောင်းချပေးခဲ့ကြောင်းသိရသည်။

နေလင်း

○ MNL ပြိုင်ပွဲမှ

ဂိုးသွင်းခွင့်များလည်း အပြန်အလှန်ရရှိခဲ့သည်။ ရန်ကုန်အသင်းအတွက် အဖွင့်ဂိုးကို ၂၇ မိနစ်တွင် ဒေးဗစ်ထန်၏ ဖြတ်တင်ဘောမှတစ်ဆင့် ဆယ်လာက ခေါင်းတိုက်သွင်းယူခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၉၀+၃ မိနစ်တွင် ရန်ကျော်ထွေးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက် ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ကိုးပွဲကစား ရမှတ် ၂၄ မှတ်၊ ဟံသာဝတီအသင်းက ၁၀ ပွဲကစား ရမှတ် ၁၆ မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရှောဝတီအသင်းက ကချင်ယူနိုက်တက်အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လေးပွဲဆက်တိုက် ရလဒ်ကောင်းရယူနိုင်ခဲ့သည့် ကချင်ယူနိုက်တက်အသင်းမှာမူ ယခုပွဲတွင် အပြန်အလှန်သွင်းဂိုးများဖြင့် အရေးနိမ့်ခဲ့သည်။ ရှောဝတီအသင်းအတွက် ဂိုးများကို ၁၁၊ ၄၄၊ ၅၇ မိနစ်တွင် ညီညီအောင်က ဟက်ထရစ်၊ ၂၄ မိနစ်တွင် ရွှေကို၊ ၈၇ မိနစ်တွင် အောင်သီဟတို့က သွင်းယူပြီး ကချင်ယူနိုက်တက်အသင်းအတွက် ဂိုးများကို လေးမိနစ်တွင် ထူးမြတ်ခန့်၊ ၃၆ မိနစ်တွင် ကျော်ဝင်းသိန်းနှင့် ၆၈ မိနစ်တွင် ဇော်မွန်အောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ကချင်ယူနိုက်တက်အသင်းက ၁၀ ပွဲကစား ကိုးမှတ်၊ ရှောဝတီအသင်းက ၁၀ ပွဲကစား ခုနစ်မှတ် ရရှိထားသည်။ ပွဲစဉ် (၁၀) တတိယနေ့အဖြစ် ဇွန် ၂၈ ရက်တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် အား/ကာသိပွဲအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

✳ ကျောဖုံးမှ

ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပင်းတယမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

**ပင်းတယ ဇွန် ၂၇**

ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒုတိယ အကြိမ်မြောက် ထုတ်ချေးခြင်းအခမ်းအနားကို ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် ချုပ်ချက်ကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ ခရိုင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလင်းထွဋ်ခိုင်က ချုပ်ချက်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းတာဝန်ခံ ဦးကျော်စိန်နှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချုပ်ချက်ကျေးရွာရှိ အသင်းသား အသင်းသူ ၅၆ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ဝ၅ သန်းကို လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ၂၂၂

## ကုန်သွယ်/စီးပွား

# မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

**နေပြည်တော် ဇွန် ၂၇**

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့်ဇွန် ၂၅ ရက်တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ဝ၁၉ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၉၂၄ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃ ဒသမ ၉၄၃ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

**အများဆုံးတင်ပို့**

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငါးရှဉ့် ၄၇ ဒသမ ၇၆၀ တန်၊ ပုစွန်ခြောက် ၁၅ ဒသမ ၆၇၂ တန်၊ ခဲသွပ်အရောသတ္တု ၁၀၃ ဒသမ ၅ တန်၊ ထောပတ်ပဲ ၆၇ ဒသမ ၅ တန်၊ မိကျောင်း ကွမ်းဖတ်စေ့ ၇၀ ဒသမ ၉၆ တန်၊ ဂဏန်း ၁၅ ဒသမ ၇၂၅ တန်၊ အလူမီနီယံသတ္တု ၃၄ ဒသမ ၉၅၁ တန်၊ ရေခဲပုစွန် ၁၇ ဒသမ ၂၈ တန်၊ သကာရည် ၁၅၇ တန်နှင့် ကြက်သွန်နီ ၁၂၂ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ ဆိုလာပြားများ၊ စတီးပိုက်များ၊ ကရိန်းယာဉ် အပိုပစ္စည်း (လက်တံ)၊ ဆိုလာဘက်ထရီ၊ မီးခံအုတ်၊ စပျစ်သီး၊ ကော်မှုန့်၊ သံပိုက်၊ ကားတာယာ/ကျွတ်တို့ဖြစ်သည်။

ဇွန် ၁ ရက်မှ ၂၅ ရက်ထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၃၅ ဒသမ ၇၃၁ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၄၉ ဒသမ ၃၃၀ သန်း၊ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၈၅ ဒသမ ဝ၆၁ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

# ရေစကြိုမြို့နယ်၌ မတ်ပဲသီးနှံ (နွေ) အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ရေစကြို ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ ကူတုတ်၊ အောင်ချမ်းသာကျေးရွာနှင့် ညောင်တောကျေးရွာများတွင် ဥစိုက်ကြက်သွန်နီ၊ မြေပဲ၊ ကုလားပဲ၊ ထောပတ်ပဲနှင့် ပဲဇီးကွက်သီးနှံများ ရိတ်သိမ်းပြီး (နွေ) မတ်ပဲသီးနှံများကို သီးထပ်အဖြစ် ရေသွင်းကာ ဧက ၁၀၀ ခန့် စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။



စိုက်ပျိုးသော မတ်ပဲသီးနှံမျိုးများကို စိုက်ပျိုးရေးဆေးဆိုင်များတွင် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်လုပ်သည့် ရေဆင်းမျိုးများကို ဝယ်ယူစိုက်ပျိုးကြကြောင်း၊ မတ်ပဲသီးနှံစိုက်ပျိုးရာတွင် ကြဲပက်နှင့် အတန်းလိုက်ဟူ၍ နှစ်မျိုးစိုက်ပျိုးကြပြီး အများအားဖြင့် ကြဲပက်ကာ စိုက်ပျိုးကြကြောင်း သိရသည်။ ယခင်နှစ်တွင် ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းခန့် ကုန်ကျခဲ့ပြီး အထွက်နှုန်းအနေဖြင့် တင်း ၂၀ ခန့် ထွက်ရှိခဲ့ရာ တစ်တင်းလျှင် ကျပ် ၄၂၀၀၀ ဈေးနှုန်းဖြင့် ရောင်းချရသည့်အတွက် အကျိုးအမြတ်အနေဖြင့် ငွေကျပ် ငါးသိန်းကျော်ခန့် ရရှိခဲ့ကြောင်း သိရသည်။

ကုန်ကျစရိတ်အနေဖြင့် ယခုနှစ်တွင် သွင်းအားစုများဖြစ်သည့် မြေဩဇာ၊ ပိုးသတ်ဆေး၊ သီးပွင့်အားတိုးဆေးနှင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်မှုများကြောင့် ငွေကျပ် ခြောက်သိန်းခန့်ကုန်ကျပြီး မတ်ပဲစိုက်ခင်းများမှာ အောင်မြင်စွာ ဖြစ်ထွန်းလျက်ရှိကြောင်း၊ မတ်ပဲသီးနှံသည် ဈေးနှုန်းကောင်းမွန်သဖြင့် တောင်သူများအတွက် တွက်ခြေကိုက်သည့်သီးနှံဖြစ်ကြောင်း သိရသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ ဆူ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၂၉၃ သိန်း | ၄၀၇၀၇ သိန်း |
| ၃။ | သုမင္ဂလာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွှေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၂၂၇၁. ၅၅ | ၂ | - | ၂ |
| | (ခ) Civil Work လုပ်ငန်း၊ | ၁၆၄၂. ၁၅ | ၂ | - | ၂ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၇ ခန်း | ၁၈၃ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၈ ခန်း | ၃၅၇ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | ၂ တိုင် | ၄၈ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | ၁၀ တိုင် | ၃၅၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၆ ခု | ၄၉၆ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | ၅၁ ကျင်း | ၇၅၂၅. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | ၁၉ ကျင်း | ၈၄၅၄ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၈၉၉၁ သိန်း | ၁၃၇၄၀. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | ၃ ခု | ၁၂၄ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၆၀၂ စုံ | ၃၉၈ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၈၄ စုံ | ၂၁၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ မြေကွက်အမှတ် (၇၉၆)၊ (အလျား ၄၁ပေ x အနံ ၆၀ပေ) အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစား မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေကွက်ကြီး၏ မြေကွက်အမှတ်(၇၉၇)နှင့်ကပ်လျက်ဘက်အခြမ်း၊ (အလျား ၂၁ပေ x အနံ၆၀ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ရောင်းသူ ဦးဇေယျာမျိုး [၆/ကသန(နိုင်)၀၃၆၆၄၃]အမည်ပေါက်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေလေးနာ [၂/လကန(နိုင်)၀၈၈၄၃၉]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## "အများသိစေရန်ကြေညာချက်"

